**မြဝတီ** နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၁၄)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)

**စာမျက်နှာ ၅ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်)

# အမျိုးသားနိုင်ငံရေးတာဝန်အလေးထားရှက်ဆောင်

မြန်မာနိုင်ငံအတွက် မြန်မာ့တပ်မတော်သည် ထာဝစဉ်တည်ရှိနေရမည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ ပြည်သူလူထုမှမွေးဖွားလာသော ပြည်သူတို့၏သားကောင်းသမီးမွန်များသာဖြစ်သည်။ ထိုသားကောင်းသမီးမွန်များသည် တပ်မတော်သို့ မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် ဝင်ရောက်အမှုထမ်းနေကြခြင်းဖြစ်သည်။ တပ်မတော်သားများရှိနေ၍ တပ်မတော်တစ်ရပ်ရှိနေသည်။ တပ်မတော်တစ်ရပ်ရှိနေ၍ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေးသုံးပါးခိုင်မြဲနေခြင်းဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်သားများအတွက် အမျိုးသားနိုင်ငံရေးတာဝန်ပင်ဖြစ်သည်။

တပ်မတော်တွင် အဆင့်ဆင့်သောတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားအားလုံးမှာ မိမိတို့၏အရည်အချင်းနှင့် ဝါသနာပါရာအတတ်ပညာများအလိုက် တာဝန်ထမ်းဆောင်နေကြသည်။ အဆိုပါထမ်းဆောင်သူများမှ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများကိုရွေးချယ်ကာ ဗိုလ်လောင်းသင်တန်းများသို့ ရွေးချယ်တက်ရောက်ခွင့်ရရှိကြသည်။ ဗိုလ်လောင်းသင်တန်းတက်ရောက်နိုင်သည့်အခွင့်အရေးကိုရရှိကြသူများမှာ ထူးချွန်ထက်မြက်ကြသူများဖြစ်သည်။ တစ်ဦးချင်းတွင်ရှိရမည့်အရည်အချင်းငါးပါးဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုရှိသူများဖြစ်သည်။

ဗိုလ်လောင်းသင်တန်းတက်ရောက်ရသည့်အခါ နိုင်ငံတော်ကိုကာကွယ်ရန်ဟူသည့် အခြေခံစိတ်ဓာတ်ကို ပိုမိုကြံ့ခိုင်မာကျောအောင် စဉ်ဆက်မပြတ်တည်ဆောက်ကြရသည်။ မိမိဦးဆောင်ရသည့်တပ်ကို တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားများပြည့်စုံအောင် လေ့ကျင့်စီမံဆောင်ရွက်ရသည့်ပညာရပ်များကို သင်ကြားကြရသည်။ စစ်နည်းဗျူဟာ၊ ခေါင်းဆောင်မှု၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကွန်ပျူတာနှင့် အခြားဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားကြရသည်။ တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာ(၁၂)ရပ်ကို လိုက်နာစောင့်ထိန်းပြီး စွမ်းရည်သုံးရပ်ထက်မြက်လာအောင် ကြိုးစားကြရသည်။ တပ်မတော်၏အစဉ်အလာ(၁၂)ရပ်တွင် မျိုးချစ်စိတ်ဓာတ်သည်အဓိကကျသည်။

တပ်မတော်၏ဂုဏ်မြင့်မားစေအောင် မိမိတို့၏ကိုယ်ရည်ကိုယ်သွေးမြင့်မားအောင် ကြိုးစားနေသူများကို တပ်မတော်က ပြန်လည်ကြည့်ရှုစောင့်ရှောက်ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)သို့ နှစ်စဉ်ရွေးချယ်တက်ရောက်စေလျက်ရှိသည်။ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)တွင် ဗိုလ်လောင်းသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ ယခုအခါ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သို့ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉)မှ သင်တန်းသားများသည် ယခုအခါ သင်တန်းပြီးမြောက်ခဲ့ပြီးဖြစ်၍ ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းခံရပြီဖြစ်သည်။**

နိုင်ငံတော်အတွက်မရှိမဖြစ် တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိ "အနာဂတ်၏စစ်ခေါင်းဆောင်" များမှာ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်နှင့်အညီ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် စစ်မှုဆိုင်ရာအတတ်ပညာနှင့် စစ်နည်းဗျူဟာများမှာ သမားရိုးကျမဟုတ်ဘဲ တိုးတက်မြင့်မားလျက်ရှိနေသည်။ မိမိတို့သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များနှင့် တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်လေ့လာကြရမည်ဖြစ်သည်။ တပ်မတော်သားများအနေဖြင့် တိုက်စွမ်းရည်ရှိပြီး "အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်" ဆိုသည့် မြဲသုံးမြဲနှင့်ပြည့်စုံနေရမည်ဖြစ်သည်။

တိုက်ပွဲဝင်အသင့်ဖြစ်နေမှသာ ပြည်တွင်း၊ ပြည်ပမှပေါ်လာမည့် အဖျက်ရန်အပေါင်းကို အချိန်နှင့်တစ်ပြေးညီ တိုက်ထုတ်နိုင်မည်ဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူပြည်သူအပေါင်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လုံခြုံစိတ်ချရေးအတွက် တပ်မတော်ကဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရန်သူကို နေလိုမီးလိုကျင့်သကဲ့သို့ ပြည်သူအပေါ်တွင် ရေလိုလလိုကျင့်သုံးလျက်ရှိသည်။ ရန်သူကိုရန်သူလိုသဘောထားရမည်မှာ နိုင်ငံနှင့်လူမျိုးကောင်းကျိုးအတွက်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ သင်တန်းအောင်မြင်ပြီးမြောက်သည့် **ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) အရာရှိငယ်များအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် ပေးအပ်သည့်တာဝန်များကို ပိုမိုကျေပွန်စွာထမ်းဆောင်ကြရန်ဖြစ်**ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## စားအုန်းဆီဈေးကွက် ဈေးနှုန်းအလားအလာ

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ စားအုန်းဆီထုတ်လုပ်သောနိုင်ငံများတွင် ထုတ်လုပ်မှုလျော့ကျခြင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်နှင့် ရမသွာန်(Ramadan)ကာလများအတွက် ကြိုတင်ဝယ်ယူစုဆောင်းမှုများလာခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းအနည်းငယ်မြင့်တက်လာခဲ့ပါသည်။

သတင်းအရင်းအမြစ်များနှင့် Reuters Software ပါ ဈေးကွက်သတင်းများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုလျော့ကျသည့်ကာလဖြစ်ခြင်း၊ လက်ရှိကာလတွင် မလေးရှားရင်းဂစ်ငွေတန်ဖိုးမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားအစိုးရက စားအုန်းဆီပို့ကုန်ခွန်(Levy)ကို လက်ရှိ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ပြီး ၂၀၂၆ ခုနှစ် မတ်လ ၁ ရက်မှစ၍ ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ကောက်ခံရန် အတည်ပြုထားပြီးဖြစ်ခြင်း၊ ကမ္ဘာ့စားအုန်းဆီ လက်ကျန်အချိုးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၂၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၁၉ ရာခိုင်နှုန်းသို့ကျဆင်းလာခြင်း၊ မတ်လကုန်ပိုင်းတွင် ကျင်းပမည့် အီးဒ်ပွဲတော်(Eid al-Fitr)ကာလအတွက် ဝယ်လိုအားများခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စားအုန်းဆီ FOB တစ်တန် ဈေးနှုန်း(ထုတ်လုပ်သည့်နိုင်ငံများ၏ဈေးနှုန်း)သည် အမေရိကန်ဒေါ်လာ ၁၀၄၇၊ ဖေဖော်ဝါရီလတွင် ၁၀၇၈ သို့ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ **NNT(DOCA)**

## သံတောင်ကြီးမြို့နယ်၌ နနွင်းများ ပိုမိုစိုက်ပျိုး

သံတောင်ကြီး ဖေဖော်ဝါရီ ၂၅

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ ဒေသခံပြည်သူများမှာ ရော်ဘာ၊ ကော်ဖီ၊ လက်ဖက်၊ ဒူးရင်း၊ တညင်း၊ ဖာလာပင်၊ ကွမ်းသီး စသည့်နှစ်ရှည်ပင်များကို အဓိကစိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် နနွင်းများ ဈေးကောင်းရရှိသည့်အတွက် ဒေသခံပြည်သူများ ပိုမိုစိုက်ပျိုးလုပ်ကိုင်လာကြကြောင်းသိရသည်။

သံတောင်ကြီးမြို့နယ်၌ နနွင်းများစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းပြီး အကုန်အကျသက်သာကာ တွက်ခြေကိုက်သည့်အတွက် ဒေသခံပြည်သူများ ပိုမိုစိုက်ပျိုးလုပ်ကိုင်လာကြသည်။

နနွင်းများကို မိုးရာသီတွင်စိုက်ပျိုးပြီး ဆောင်းရာသီတွင်တူး၍ ရေဆေးပေးခြင်း၊ နူးအောင်ပြုတ်၍ နေပူလှန်းခြင်းတို့ကိုဆောင်ရွက်ပြီး ရရှိလာသည့်နနွင်းများကို အရောင်တက်လာစေရန် ဆန်ခါများဖြင့် နေလှန်းသည်။

ထို့နောက် နနွင်းခြောက်များကို တောင်ငူမြို့ရှိ အဝယ်ဒိုင်များထံသို့ရောင်းချရကြောင်း သံတောင်ကြီးဒေသထွက် နနွင်းခြောက်များမှာ အရည်အသွေးကောင်းမွန်ခြင်းကြောင့် ဈေးကောင်းရရှိသည့်အတွက် နနွင်းစိုက်ပျိုးလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ **နော်နော်မူ**

## တန့်ယန်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ဖြန်းကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

တန့်ယန်း ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် လုံမုံကျေးရွာအုပ်စု၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းအား ဖြန်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုံမုံကျေးရွာအုပ်စု ပန်မောင်-ကုန်းကော်-ဟွေပူ-ပါဖန်-လုံတွေ-နမ့်ပိန်-နမ့်ပတ်-ကွန်ဟုန်း-တော်လောက်ကျေးရွာချင်းဆက်လမ်း ၁၁/၇ မိုင်ပေါ်တွင် ၅/၂ မိုင်အား ဖြန်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၂၃ ဒသမ ၀၂၀ သန်းဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။ ထိုသို့ပြီးစီးသည့်အတွက် လုံမုံကျေးရွာအုပ်စု၊ ဟိုမန်းကျေးရွာအုပ်စုနှင့် လွယ်စေးကျေးရွာအုပ်စုတို့အတွင်းရှိ တောင်ပေါ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၁၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၁၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၁၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များထပ်မံထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက်ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သောရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြရာ ဖေဖော်ဝါရီလ ၂၄ ရက်နှင့် ယနေ့တို့တွင်လည်း ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုအသင်း၊ မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း(၃)ခုနှင့် ဝတ်ပြုကျောင်းတော်များ၊ ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း၊ ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်၊ လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ လော်ဝေါ်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းတို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

(၂၀-၂-၂၀၂၆)ရက်နေ့ ည(၈:၁၂)အချိန်၌ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အများပြည်သူများအသုံးပြုလျက်ရှိသည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ လေဆိပ်သည် ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်ပြီး အများပြည်သူများသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် များစွာအထောက်အကူပြုအသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာ KIA နှင့် PDF ပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ ယုတ်မာပစ်ခတ်တိုက်ခိုက်အကြမ်းဖက်ခဲ့သော တိုင်းပြည်ဖျက်ဆီး KIA နှင့် PDF အကြမ်းဖက်လုပ်ရပ်အား ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။ **ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

## ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုအသင်း၏သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။ **ကချင်ပြည်နယ်၊ ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုအသင်း**

## မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း(၃)ခုနှင့် ဝတ်ပြုကျောင်းတော်များ၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့က Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သောရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာသိရှိရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာရေးဆိုင်ရာအဖွဲ့အစည်း(၃)ခုနှင့် ဝတ်ပြုကျောင်းတော်များမှ လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ အစ္စလာမ်သာသနာရေးရာကောင်စီ
၂။ အိုလမာအစ္စလာမ်သာသနာပညာရှင်များအဖွဲ့
၃။ မြန်မာမွတ်စလင်လူငယ်များအဖွဲ့
၄။ ဗဟိုဗလီကြီး၊ မင်းရပ်ရပ်ကွက်
၅။ အောင်နန်းဗလီ၊ အောင်နန်းရပ်ကွက်
၆။ ရှမ်းစုဗလီ၊ ရှမ်းစုမြောက်ရပ်ကွက်
၇။ ချင်းကြိမ်း(ပန်းသေး)ဗလီ၊ ခေမာသီရိရပ်ကွက်
၈။ ကျွန်းပင်သာဗလီ၊ ကျွန်းပင်သာရပ်ကွက်
၉။ မြို့သစ်ကြီးဗလီ၊ မြို့သစ်ကြီးရပ်ကွက်

## ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း၏သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗမာတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း**
**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**

## ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား မသမာသူများက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်အပေါ် ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်**
**စီတာပူ၊ မနော်ကွင်း၊ မြစ်ကြီးနားမြို့။**

## လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အပေါ် လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ**

## မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ**

## မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

၁။ မြစ်ကြီးနားလေဆိပ်၌ ခရီးသည်များတင်ဆောင်ပြီး မန္တလေးမြို့သို့ ထွက်ခွာရန် ပြင်ဆင်နေသော မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသည့် အဖွဲ့အစည်းများက ဖေဖော်ဝါရီလ ၂၀ ရက် ညနေပိုင်းတွင် FPV Suicide Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သောအများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အပေါ် မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း**

## လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှု အသင်း၏ သဘောထား ထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် သောင်းကျန်းသူအဖွဲ့များအား လော်ဝေါ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**လော်ဝေါ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း**

**စာမျက်နှာ ၄ သို့ ●**

# မြန်မာသံတမန်သင်တန်းကျောင်းအဆောက်အအုံတည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်








**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံတမန်သင်တန်းကျောင်းအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပရိဝုဏ်၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် Mother Development Co., Ltd. မှ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်တိုင်များစိုက်ထူပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါမြန်မာသံတမန်သင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို အရည်အသွေးပြည့်ဝသော မျိုးဆက်သစ်သံတမန်များအဖြစ် စနစ်တကျ လေ့ကျင့် ပျိုးထောင်ပေးနိုင်မည်ဖြစ်ကာ အစိုးရအဖွဲ့အစည်းအသီးသီးနှင့် ဝန်ကြီးဌာနများမှဝန်ထမ်းများအပါအဝင်နိုင်ငံတကာရေးရာနှင့် သံတမန်ရေးရာကဏ္ဍများကို စိတ်ပါဝင်စားသူများအား အသိပညာမျှဝေခြင်းတို့အတွက် သင်တန်းများနှင့်လေ့ကျင့်ရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

# AHA Centre ၏အမှုဆောင်ဒါရိုက်တာ မစ္စတာ လီယန်မင်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် AHA Centre ၏အမှုဆောင်ဒါရိုက်တာ မစ္စတာ လီယန်မင်းအား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် AHA Centre က မန္တလေးငလျင်ဘေးအတွက် ASEAN ERAT အဖွဲ့များစေလွှတ်၍ငလျင်ဘေးကယ်ဆယ်ထောက်ပံ့ရေးတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ပြန်လည်ထူထောင်ရေးအပိုင်းတွင် AHA Centre က အလှူရှင်နိုင်ငံများနှင့်ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့၏ အလှူငွေများဖြင့် အသင့်တပ်ဆင်အသုံးပြုနိုင်သော စာသင်ကျောင်းဆောင် (Prefabricated School)၊ ကျေးလက်ကျန်းမာရေးဌာန (Prefabricated Rural Healthcare Centre)နှင့် RCC တစ်ထပ်ဘုန်းတော်ကြီးကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်လှူဒါန်းမှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ငလျင်ဘေးကူညီထောက်ပံ့ခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေးအတွက် ပညာရေးဆိုင်ရာ ကျောင်းအဆောက်အအုံများ ဆက်လက်လှူဒါန်းရန်ညှိနှိုင်းထားရှိမှု၊ AHA Centre အနေဖြင့် မြန်မာနိုင်ငံရှိ အကူအညီလိုအပ်သူများအား အစားအစာ(Food)နှင့် အစားအစာမဟုတ်သောပစ္စည်းများ (Non–food Items) ထောက်ပံ့ပေးခဲ့မှု၊ AHA Centre နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် AHA Centre ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

# ဝါးခယ်မမြို့နယ် ကျုံမငေးမြို့အတွင်းရှိ ဒေသခံပြည်သူများအား One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ရှိ စွယ်တော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဘုရားပရိဝုဏ်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျုံမငေးမြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံး၊ လဲလှယ်၊ မိတ္တူလျှောက်ထားသူများအား တစ်နေရာတည်းတွင် One Stop Service ဖြင့်ကွင်းဆင်းကာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် အဆိုပါရပ်ကွက်/ကျေးရွာများနှင့် မဟာစွယ်တော်မြတ်ဗုဒ္ဓပူဇနိယပွဲတော်သို့လာရောက်ကြသည့် ဘုရားပွဲဈေးသည်များအနက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီး Unique ID နံပါတ်ဆောင်ရွက်ရခြင်း မရှိသေးသူများအား e–ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကိုမေးမြန်း၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်ပါကတ်ပြားတို့ကို သက်ဆိုင်ရာကာယကံရှင်များထံပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြဝတီ**

● စာမျက်နှာ ၃ မှအဆက်

## ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းသဘောထားထုတ်ပြန်ချက်

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ည(၈:၁၀)ဝန်းကျင်အချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်၌ မြစ်ကြီးနားမှ မန္တလေးမြို့သို့ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR–72–600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းအား မသမာသူလူတစ်စုက FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား ကချင်ပြည်နယ်၊ ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။ **ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်း**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်နှင့် လေတပ်တို့အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသွားရောက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြီးမားသည့် ကန့်ကွက်မှုများမရှိခြင်းကြောင့် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံရေးအစိုးရများ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ တပ်မတော်သည်ပြောင်းလဲမှုမရှိခြင်းကြောင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

## အခွန်ဆိုင်ရာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကကြီးမှူး၍ အခွန်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်းများအတွက် အခွန်ဆိုင်ရာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ်(၄၆) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ခေတ်တွင် အခွန်စနစ်ကို ပိုမိုကောင်းမွန်အောင်ခေတ်မီနည်းပညာများနှင့်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကြကြောင်း၊ အခွန်နှင့်စပ်လျဉ်းသည့်လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဆက်စပ်နေသည့် အခြားအစိုးရဌာနများမှဝန်ထမ်းများ၏ အခွန်ဆိုင်ရာသိမြင်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်သဖြင့် ယခုကဲ့သို့သင်တန်းကို သီးသန့်စီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းသို့ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှစုစုပေါင်း အရာထမ်း ၄၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့အကြား ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရန် ပူးတွဲစီစဉ်နိုင်ရေးနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့အကြား ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရန် ပူးတွဲစီစဉ်နိုင်ရေးနားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Haigeng Garden အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း)မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီအထွေထွေအတွင်းရေးမှူး Mr. Wang Ning နှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Wang Yubo ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းမပြုမီ နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍပိုမိုတိုးတက်စေရန်၊ ကျောက်မျက်ရတနာကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ ယဉ်ကျေးမှုဖလှယ်ရန်နှင့် ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာများ တရားမဝင်သယ်ဆောင်မှုကိုတားဆီးရန် နားလည်မှုစာချွန်လွှာ (MoU)ပါအတိုင်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ခြင်းများရှိနေသကဲ့သို့ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲပြုလုပ်ရန် ပူးတွဲစီစဉ်နိုင်ရေးနားလည်မှုစာချွန်လွှာကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ထို့နောက် နားလည်မှုစာချွန်လွှာ (MoU) ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးတို့က လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

မြဝတီ

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၊ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



ရပ်စောက်မြို့၊ မြို့ကုန်းရပ်ကွက်၊ မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆွမ်းဆန်တော်၊ ဆီ၊ သကြား၊ လှူဖွယ်ပစ္စည်းများနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မီးဖွားလူနာတစ်ဦးအား ချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Grade –12 စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား အနီးကပ်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။

**❖ ယခုနှစ်ဖြေဆိုကြမည့် Grade -12 စာမေးပွဲနှင့်ပတ်သက်၍ ယမန်နှစ် Grade -12 စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းနှင့်အဆင့်ထက်မလျော့ကျသွားအောင် ယခုနှစ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်စွာအောင်မြင်စေရန်နှင့် အောင်ချက်ရာခိုင်နှုန်းဆက်လက်မြင့်မားစေရေး ရည်မှန်းချက်ထားဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .**

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ရပ်စောက်မြို့၊ မြို့ကုန်းရပ်ကွက်၊ မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတာရက အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီ၊ သကြား၊ လှူဖွယ်ပစ္စည်းများနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို လိုက်လံမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ဆေးရုံရှိ ခွဲစိတ်မှန်ခန်း၊ ခွဲစိတ်ခွဲခန်း၊ တီဘီရောဂါရှာဖွေရေးဌာန၊ သွားနှင့်ခံတွင်းဌာနနှင့် ဆေးသိုလှောင်ခန်းများရှိ ရောဂါရှာဖွေရေး ကိရိယာများ၊ ဆေးဝါးပစ္စည်းများသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် တိုင်းစစ်ဌာနချုပ်မှပေးအပ်သည့် ကြက်ဥများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ဗထူး)သို့သွားရောက်၍ ၂၀၂၆ ခုနှစ်၊ မတ်လတွင်ကျင်းပတော့မည့် Grade–12 စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား အနီးကပ် သင်ကြားပေးနေမှုများ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းတာဝန်ခံနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံစဉ် တာဝန်ရှိသူများက ယခုနှစ် Grade–12 ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်လေ့ကျင့်သင်ကြားနေမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ယခုနှစ်ဖြေဆိုကြမည့် Grade–12 စာမေးပွဲနှင့်ပတ်သက်၍ ယမန်နှစ် Grade–12 စာမေးပွဲအောင်ချက်ရာခိုင်နှုန်းနှင့်အဆင့်ထက် မလျော့ကျသွားအောင် ယခုနှစ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်စွာအောင်မြင်စေရန်နှင့် အောင်ချက်ရာခိုင်နှုန်းဆက်လက်မြင့်မားစေရေး ရည်မှန်းချက်ထားဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ တန်းစဉ်ကူးပြောင်းမှုနှင့် ပတ်သက်၍ အတန်းအလိုက် နှစ်စဉ်အပြည့်အဝ တန်းစဉ်ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများက အတူတကွ ဝိုင်းဝန်းကြိုးပမ်း **စာမျက်နှာ ၇ သို့** ❐

❐ စာမျက်နှာ ၆ မှအဆက်
ဆောင်ရွက်သွားကြရန်၊ မကြာမီအချိန်အတွင်း Grade-12 စာမေးပွဲ ဖြေဆိုကြရတော့မည်ဖြစ်သည့်အတွက် ကျန်ရှိသည့်အချိန်အတွင်း စာကျက်ချိန်မြှင့်တင်နိုင်ရေး Camp သွင်း၍ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများကို စာပေပညာသင်ကြားပေးရာတွင် တန်းစဉ်အလိုက် စာကျေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းအတွင်း ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး၏ အဖျားခတ်မှုကြောင့် ကျောင်းခြံစည်းရိုးအုတ်တံတိုင်း ၁၇၀ ပေခန့် ပြိုကျပျက်စီးမှု၊ စာသင်ဆောင်မျက်နှာကြက်များ ပြိုကျပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဗိုလ်ချုပ်ဝင်းဗိုလ်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းသီဟ၊ ကျောင်းဆင်းဗိုလ်လောင်းများ၊ ၎င်းတို့၏မိဘဆွေမျိုးများနှင့်နည်းပြများ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာပေးအပ်စဉ်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအားပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီး အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁ မှ ၁၆ )အထိလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇ မှ ၂၈) အထိလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မှော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂) အထိလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ ၁ ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦးအထိ ရရှိခဲ့ပြီးဖြစ်ကြောင်းသိရသည်။

(၁၀၀)

# စိုက်ပျိုးရေးဦးစီးဌာန၏ အဌမအကြိမ် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စိုက်ပျိုးရေးဦးစီးဌာန၏ အဌမအကြိမ် စာတမ်းဖတ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အနေဖြင့် သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပန်းတိုင်သီးနှံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယခင်က ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သတ်မှတ်ထားရှိသော သီးနှံ ၁၀ မျိုးအပြင် ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးသီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်းသတ်မှတ်၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊

လူငယ်ဝန်ထမ်းများအနေဖြင့် မိမိတို့လေ့လာတွေ့ရှိချက်များ၊ သုတေသနလုပ်ငန်းများအပေါ် လုပ်ဖော်ကိုင်ဖက်အချင်းချင်း မျှဝေစေရုံသာမက သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တောင်သူများ လိုက်ပါဆောင်ရွက်နိုင်ကြစေရန် တောင်သူပူးပေါင်းပါဝင်သော သုတေသနများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကိုတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန၏ အဌမအကြိမ် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာနရှိ လူငယ်စွန့်ဦးပညာရှင်များအဖွဲ့က ဦးဆောင်ကျင်းပသည့် အဆိုပါစာတမ်းဖတ်ပွဲသို့ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ထမ်းများ၊ စာတမ်းရှင်များတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် လူငယ်စွန့်ဦးပညာရှင်များက Online မှ ပါဝင်တက်ရောက်ကြပြီး စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်ဌာနခွဲအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှစာတမ်းစောင်ရေ ၆၀ ဖတ်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# ရေရှည်တည်တံ့သော ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးအတွက် စွန့်ဦးတီထွင်လုပ်ငန်းများဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေး ပင်မစီမံချက် (ASEAN Rural Development Master Plan) နှင့် မူဘောင်လုပ်ငန်းစီမံချက် (ASEAN RDPE Framework) ပါ လုပ်ငန်းတစ်ရပ်ဖြစ်သော ကျေးလက်အသက်မွေးဝမ်းကျောင်းများဖွံ့ဖြိုးရေး ရည်ရွယ်၍ ရေရှည်တည်တံ့သော ကျေးလက် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးအတွက် စွန့်ဦးတီထွင်လုပ်ငန်းများဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ KMA Naypyitaw ဟိုတယ်၌ ကျင်းပသည်။

ရေးဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကိုပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံလူဦးရေ၏ ၆၉ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသဖြင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊

ယခုအလုပ်ရုံဆွေးနွေးပွဲတွင်အဖွဲ့အစည်းအသီးသီး၏ အတွေ့အကြုံများကို ပွင့်လင်းစွာမျှဝေရန်၊ နည်းလမ်းကောင်းများကို စုစည်းမှတ်တမ်းတင်ရန်နှင့် မိမိတို့နိုင်ငံ၏ အတွေ့အကြုံကောင်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံမျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ရရှိလာမည့် လက်တွေ့ကျသော အကြံပြုချက်များသည် ကျေးလက်နေပြည်သူများ၏ ဘဝကို ပြောင်းလဲပေးနိုင်မည့် မောင်းနှင်အားတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်သည့်အတွက် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ActionAid မှ Country Director ဖြစ်သူ Mr. Shihab Uddin Ahamad က Strengthening Rural Entrepreneurship for Sustainable Livelihoods ခေါင်းစဉ်ဖြင့် Key Note Speech ဆွေးနွေးပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ UN ၊ INGOs ၊ NGOs အဖွဲ့အစည်းများက ကိုယ်စားလှယ်များက “အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ သက်မွေးနည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးအရင်းအနှီးနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး” ဆိုင်ရာများကို Panel Session လေးခုခွဲကာ ဆွေးနွေးမှုများ ဆက်လက်ကျင်းပကြသည်။

ထို့နောက် Session အလိုက် တင်ပြချက်များအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က သုံးသပ်ဆွေးနွေးအကြံပြုခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်းသိရသည်။

မြဝတီ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉)
သီဟတပ်ခွဲသင်တန်းဆင်းပွဲ
ဂုဏ်ပြုဆောင်းပါး

# ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက်

ဘုန်းမောင်ဝင်း(ဖျာပုံ)

**မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာသည့်အခါတိုင်း တပ်မတော်သည်နိုင်ငံအတွက်မရှိမဖြစ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ်တွေ့မြင်နိုင်သည်။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားကြီးခေတ်ကာလ အင်ပါယာနိုင်ငံတော်များမှသည် ယနေ့အချိန်ကာလအထိ တပ်မတော်သည်နိုင်ငံအတွက်မရှိမဖြစ်အဖွဲ့အစည်းအဖြစ်ရပ်တည်နေရသည်။ အင်အားခိုင်မာတောင့်တင်းသော တပ်မတော်တစ်ရပ်မရှိလျှင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်ရပ်တည်ရန် လွန်စွာခက်ခဲသွားပေလိမ့်မည်။ ယနေ့ကာလ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)တွင် တပ်မတော်နှင့်ပတ်သက်၍ တိကျသောပြဋ္ဌာန်းချက်ချမှတ်ပေးထားသည်။**

အဆိုပါပြဋ္ဌာန်းချက် ပုဒ်မ ၂၀ (က)တွင် “တပ်မတော်သည်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”ဟူ၍ဖော်ပြထားသည်။ နိုင်ငံအတွက်ရှိနေရမည့် တပ်မတော်သည် အင်အားတောင့်တင်းရမည်။ စွမ်းရည်ထက်မြက်ရမည်။ ခေတ်မီရမည်။ မျိုးချစ်စိတ်ရှိရမည်ဟုအဓိပ္ပာယ်ပေါ်လွင်သည်။ ထိုသို့ဖြစ်စေရန်အတွက် အဓိကအချက်မှာလေ့ကျင့်ရေးဖြစ်သည်။ တပ်မတော်၏ အဓိကတာဝန်ကြီးသုံးခုကိုညွှန်းဆိုထားရာတွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူ၍ဖြစ်သည်။

လေ့ကျင့်ရေးသည် မည်သည့်အတတ်ပညာတွင်မဆို လုပ်ဆောင်ရသည့်ကိစ္စရပ်ဖြစ်သည်။ တပ်မတော်တစ်ရပ်အနေဖြင့်မူ ပို၍အရေးပါအရာရောက်သည်မှာ လေ့ကျင့်ရေးပင်ဖြစ်သည်။ လေ့ကျင့်ရေးသည် စစ်ဆင်ရေးဟုပင်ဆိုထားသည်။ တပ်မတော်တွင် အခြားအဆင့်များအဖြစ်ဝင်ရောက်သူများအနေဖြင့်လည်း လေ့ကျင့်ရေးကျောင်းများတွင် စစ်ပညာများကိုသင်ယူကြရသည်။ အခြားအဆင့်မှ ဗိုလ်လောင်းအဖြစ် ရွေးချယ်ခံရသူများကိုလည်း ဗိုလ်သင်တန်းကျောင်းများတွင် အရာရှိတစ်ဦးဖြစ်လာစေရန်အတွက် လေ့ကျင့်သင်ကြားကြရသည်။

အဆိုပါဗိုလ်လောင်းများအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်မှာ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)ဖြစ်သည်။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းနှင့်ပတ်သက်၍ သမိုင်းကြောင်းကိုလေ့လာကြည့်သည့်အခါ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတစ်နှစ်ခန့်အကြာ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်စတင်ဖွင့်လှစ်သည်။ ဗိုလ်သင်တန်းကျောင်း၏ဆောင်ပုဒ်မှာ အနာဂတ်၏ စစ်ခေါင်းဆောင် (Military Leader for Future) ဖြစ်သည်။ တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသောအရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကိုပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းတွင် နိုင်ငံတော်နှင့်တပ်မတော်အတွက် အနာဂတ်၏စစ်ခေါင်းဆောင်များကို မွေးထုတ်ပေးလျက်ရှိရာ ယခုအခါ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သို့ပင်ရောက်ရှိခဲ့ပြီဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ ဝင်ရောက်လာကြသူများဖြစ်ကြသည်။ အထက်ကပေးအပ်လာသည့်အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံတော်နှင့်ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေကြရသူများဖြစ်သည်။



✪ **ယခုအခါတပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉)သည် သင်တန်းကိုအောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်၍ ပြန်တမ်းဝင်အရာရှိများအဖြစ်ခန့်အပ်ခံကြရပြီဖြစ်သည်။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဆင်းအရာရှိငယ်များအနေဖြင့် “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်”အတွက် ပေးအပ်လာမည့်အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြမည်ဟူသောစိတ်ဓာတ်ဖြင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ကြရန်ဖြစ်. . .**

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းသည့်ခေတ်ကာလသည် ရွှေခေတ်များအဖြစ် သမိုင်းတွင်ယနေ့တိုင်ထင်ကျန်ရစ်ခဲ့သည်။ ပထမမြန်မာနိုင်ငံတော်ဟုမော်ကွန်းတင်နိုင်ခဲ့သည့် ပုဂံခေတ်၊ ဒုတိယမြန်မာနိုင်ငံတော်ဟုမော်ကွန်းတင်နိုင်ခဲ့သည့် တောင်ငူခေတ်နှင့် တတိယမြန်မာနိုင်ငံတော်ဟုမော်ကွန်းတင်နိုင်ခဲ့သည့် ကုန်းဘောင်ခေတ်တို့သည် မျိုးဆက်သစ်အဆက်ဆက်အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာများဖြစ်ခဲ့သည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားကြီးတို့သည် မြန်မာတို့၏ရွှေခေတ်ကို ပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြသည်။

ကာကွယ်ရေးအင်အားစွမ်းပကား၏ အောင်မြင်မှုများကို အားကျအတုယူကြရမည်ဖြစ်သည်။ ထို့အတူ သူ့ကျွန်အဖြစ်နှံ့နစ်ခဲ့ရသောကာလအပိုင်းအခြားများမှာလည်း မေ့ပျောက်ထား၍မဖြစ်နိုင်သော သင်ခန်းစာများဖြစ်သည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလသုံးပါးတွင် အတိတ်သည် သင်ခန်းစာဖြစ်သည်။ ကောင်းသောသင်ခန်းစာကိုယူ၍ ပစ္စုပ္ပန်တွင် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပြီး အနာဂတ်ကိုအမွေပေးထားခဲ့ရမည်ဖြစ်သည်။ ထို့ကြောင့် ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ဗိုလ်လောင်းသင်တန်းသားများကို မွေးထုတ်ပေးနေခြင်းဖြစ်သည်။

တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိတစ်ဦးဖြစ်လာသည်နှင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် ဦးစီးဦးဆောင်လုပ်ကိုင်ဆောင်ရွက်ရမည့် တာဝန်များမှာလည်းများပြားလာသည်။ စစ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်တို့ ပြည့်ဝနေအောင် ကြိုးစားကြရသည်။ စစ်မြေပြင်တွင် ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ဂုဏ်ကို အသက်စွန့်ပြီး မြှင့်တင်လိုသည့်စိတ်ဓာတ်၊ အချင်းချင်းရိုင်းပင်းကူညီလိုသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဟူသည့် တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် ဦးဆောင်တိုက်ပွဲဝင်ကြရမည်ဖြစ်သည်။

ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်တွင် ပါရှိသည့်အတိုင်းလည်း ပြည့်ဝအောင်ဖြည့်ဆည်းနေကြရမည်ဖြစ်သည်။ ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနှင့် တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိရမည်။ ကွပ်ကဲမှုနှင့်ကြီးကြပ်မှုကောင်းရမည်။ ဗဟုသုတကြွယ်ဝပြီး လေ့လာလိုစိတ်ရှိရမည်။ အကျင့်စာရိတ္တကောင်းရမည်။ စိတ်ဓာတ်ကောင်းရမည်။ သစ္စာရှိရမည်။ တပ်မှူးကောင်းစိတ်ဓာတ်နှင့်မိဘသဖွယ်စိတ်ဓာတ်ရှိရမည်။ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ရမည်စသည်ဖြင့်ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် အရည်အချင်းများကို သတ်မှတ်ထားပြီးဖြစ်သည်။ ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ပေးအပ်ခံရသည့်အချိန်မှစ၍ မိမိခေါင်းဆောင်သည့်အဖွဲ့အစည်းအား အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်သည်။ သို့မှသာ မိမိသည် နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် ခေါင်းဆောင်တစ်ဦးဖြစ်လာပေမည်။

ဤသည်မှာ တပ်မတော်ကသင်ကြားပေးထားသည့် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်ဆောင်ပုဒ်ကို အလေးထားကျင့်ကြံခြင်းဖြင့် ပြည့်ဝလာနိုင်မည်ဖြစ်သည်။ တပ်မတော်သားတိုင်းသည် စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းရှိခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ်သစ္စာရှိခြင်း၊ အချင်းချင်းစည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံခြင်းစသောအရည်အချင်းများနှင့်လည်း ပြည့်စုံနေရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည်တည်နေရာပထဝီဝင်အနေအထားအရအရေးပါလှသည့်အတွက် ကာကွယ်ရေးအင်အားကို အစဉ်တစိုက်အင်အားတောင့်တင်းခိုင်မာအောင်ဆောင်ရွက်နေရမည်ဖြစ်သည်။ နိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားများအချင်းချင်း ချစ်ခင်စည်းလုံးမှုရှိကြရမည်ဖြစ်သည်။ နိုင်ငံတည်ဆောက်မှုများလည်း ပြည်ထောင်စုစနစ်တည်ဆောက်ထားသည့်အတွက်ပြည်ထောင်စုသည် စုစည်းညီညွတ်နေရမည်ဖြစ်သည်။ ရေကိုသားသော် အကြားမထင်သကဲ့သို့ စည်းလုံးမှုရှိနေရမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုမရှိ၊ ပြည်ထောင်စုကလည်း ပြိုကွဲနေမည်ဆိုလျှင် နိုင်ငံ၏အချုပ်အခြာအာဏာသည်လည်း စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်သည်။

ထို့ကြောင့် မိမိတို့ဘိုးဘွားများက “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး” ဟူ၍ နိုင်ငံသားအားလုံး လိုက်ပါဆောင်ရွက်ရမည့်တာဝန်များကိုသတ်မှတ်ပေးထားသည်။ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းရမည့်တာဝန်ဖြစ်သည်။ အဆိုပါဒို့တာဝန်အရေးသုံးပါးကို ခိုင်မာစွာစောင့်ရှောက်နိုင်ရေးအတွက် လိုအပ်ချက်သည် ကာကွယ်ရေးမောင်းနှင်အား ခိုင်မာတောင့်တင်းနေရေးပင်ဖြစ်သည်။

ယခုအခါ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)မှဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉)သည် သင်တန်းကို အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်၍ ပြန်တမ်းဝင်အရာရှိများအဖြစ်ခန့်အပ်ခံကြရပြီဖြစ်သည်။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဆင်းအရာရှိငယ်များအနေဖြင့် “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်” အတွက် ပေးအပ်လာမည့်အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြမည်ဟူသောစိတ်ဓာတ်ဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မယ်ပုတ် - ကျားကိုက် - မလန်ပိုင် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင်အနက် မြေသားလမ်း ၃ မိုင် ဖောက်လုပ်ခြင်းနှင့် ၅x၅x၂၆ ပေ Box Culvert ၁၂ စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူ ၃၆၅၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ရေးတို့အတွက် များစွာအကျိုးပြုနိုင်မည် ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၉၁၄ ဒသမ ၉၁၃ သန်းဖြင့် လမ်းတာချဲ့ ၁၅ မိုင်၊ မြေသားလမ်း ၈ မိုင်၊ မြေသားလမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၀ မိုင်၊ အမာခံလမ်း ၈ မိုင်၊ ကျောက်လမ်း ၂ မိုင်၊ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ Box Culvert ၂၇ စင်း၊ ကွန်ကရစ်တံတား တစ်စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းတစ်ခု၊ တောင်ပြိုမြေရှင်းလင်းခြင်းလုပ်ငန်းရှစ်ခု၊ ချဉ်းကပ်လမ်းပြန်လည်ပြုပြင်ခြင်းတစ်ခု၊ သာသနာရေးလုပ်ငန်းသုံးခု၊ ဦးစီးဌာနလုပ်ငန်းငါးခု၊ ထောက်ပံ့လုပ်ငန်းနှစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# ကရသူရိဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ-(၆) ပုဒ်မခွဲ(င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၁၈၅၅ ဒသမ ၉၆) ဧကရှိသောနယ်မြေကို **“ကရသူရိဒီရေတော ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆ )အရ (၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၃ ရက်) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောသစ်မျိုးများနှင့် ဒီရေတောဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ရန်၊ ရေသယံဇာတနှင့်ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ ပင်လယ်ပြင်မှဖြစ်ပေါ်လာသောလှိုင်းဒဏ်၊ လေမုန်တိုင်းခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန် စသည့် ရေသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းဒေသ ဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်လုပ်ကိုင်မှု ပိုမိုကောင်းမွန်လာစေပြီး သစ်တောဖုံးလွှမ်းမှု ဧရိယာတိုးပွားလာစေရန်ရည်ရွယ်၍ ဒီရေတော ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

**“ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော”** သတ်မှတ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ရာသီဥတုနှင့် ဒေသအတွက်အကျိုးပြုသောဒီရေတောများ ဖြစ်ထွန်းလာမည်ဖြစ်ခြင်း၊ ဒီရေတောဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်းရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ် စသည့်သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ခြင်း၊ ဒီရေတောသစ်မျိုးများဖြစ်သော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ သမဲ့ကျက်တက်၊ လမု၊ လဘာ၊ ပင်လယ်အုန်း၊ ကျနာ၊ သမဲ့ဖြူနှင့် ဓနိပင်စသည့်ဒေသသစ်မျိုးများထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ခရုစုတ်ငှက်၊ စွန်ခေါင်းဖြူ မျောက်၊ ဒင်ကျီးငှက်စသည့်ငှက်မျိုးများနှင့်မိကျောင်းများ၏နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ပုစွန် စသည့်ရေနေသတ္တဝါများ၏ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောထိန်းသိမ်းမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပေါက်ခေါင်းမြို့နယ်၌ ဆောင်းမြေပဲဧက ၅၇၀၀ ကျော်စိုက်ပျိုးပြီးစီး

ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ဆီထွက်သီးနှံ ဆောင်းမြေပဲကို ၅၇၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ အောင်မြင်စွာရိတ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ ဆောင်းရာသီသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဆောင်းမြေပဲ ၅၇၁၉ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်၍ ရာနှုန်းပြည့်အောင်မြင်စွာ ရိတ်သိမ်းနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များရရှိစေရေးနှင့် ရောဂါပိုးမွှားများအန္တရာယ်မှ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားပေးလျက်ရှိသည်။

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်းမြေပဲကို ဆင်းပဒေသာ (၁၁)၊ တွန်တာနီနှင့် ဗီယက်နမ်မျိုးတို့ကို အဓိကစိုက်ပျိုးကြသည့်အပြင် အခြားမျိုးကွဲများလည်း အများအပြားစိုက်ပျိုးလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအထိကွင်းဆင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

**မိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းပွဲဂုဏ်ပြုကဗျာ**

## ပြည်သူအကျိုး ထမ်းသယ်ပိုးမည့်တစ်နှစ်ကိုး

- အောင်မြေမဟာ မြို့ဇထူး
ဖူးပွင့်လာတဲ့ ပန်းအသွင်။
ရန့်ကြိုင် ထပ်ကာပေါင်း
မိုလ်လောင်းများပင်။
အောင်မြင်မှုပန်းတိုင်ဝင်
မှတ်ကျောက်တင် ရဲဝံ့ကြွား။
သင်တန်းအမှတ်စဉ် တစ်နှစ်ကိုး
ကောင်းကျိုးဆပွား။
- နိုင်ငံတော်ကာကွယ်ရေး
ကြီးလေးတဲ့ သည်တာဝန်။
တပ်မတော်သည် ပြည်သူ့အတွက်
ထမ်းရွက်ကျေပွန်။
နိုင်ငံရဲ့သားကောင်းမွန်
ထူးချွန်တဲ့ဇာနည်များ။
ကောင်းစဉ်လာ ဆက်ကာထိန်းဖို့
ကိန်းဝပ်စေသား။
- ရိုးသားကာ ကြိုးစားမှု
ပြည်ထောင်စု အတွက်ပါ။
ကိုယ်စီ အရည်အချင်းများ
ထင်ရှားမြင်သာ။
စိတ်ဓာတ် စည်းကမ်း သစ္စာ
စည်းလုံးကာ ပြည့်ဂုဏ်လျှမ်း။
စွမ်းရည်မှာသုံးရပ်ဖြည့်လို့
ပြည့်ဝလျှောက်လှမ်း။
- အနာဂတ်မှာ ခေါင်းဆောင်မှု
ကောင်းအောင်ပြု လူငယ်တွေ။
စစ်သားဂုဏ်ရည် ပိုမြင့်မားဖို့
တိုးပွားဖို့ပေ။
ပေးအပ်တဲ့တာဝန်တွေ
တို့မြေရေလေ ကာကွယ်ပေး။
တို့နိုင်ငံ တို့နိုင်ငံသားတို့
ကြီးပွားစေရေး။
- ဘဝမှာ မျှော်ရည်မှန်းတဲ့
ပန်းတိုင်တစ်ခု ဖြစ်လေပြီ။
စစ်နည်းဗျူဟာ စစ်အတတ်
ထူးမြတ်လှသည်။
လက်ကမ်းလို့ ကြိုနေမည်
လူငယ်ပီပီ သတ္တိသွေး။
ကြိုးစားကာ အောင်မြင်မှုကို
ဂုဏ်ပြုတယ်လေး။ ။

မန္တလာကိုကိုဝင်း

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၇ ခုခွင့်ပြု



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။


အစည်းအဝေးတွင်လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂ ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊အိမ်ရာအဆောက်အအုံတည်ဆောက်ခြင်းကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄၄ သန်းနှင့် ငွေကျပ် ၅၅၇၉၀၇ ဒသမ ၀၆၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၄၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အိမ်ရာအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့်အထည်ချုပ်လုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# AHA Centre အမှုဆောင်ဒါရိုက်တာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre) အမှုဆောင်ဒါရိုက်တာ မစ္စတာလီယန်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာလီယန်မင်းက AHA Centre မှတစ်ဆင့်မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး AHA Centre က ရှေ့ဆက်ဆောင်ရွက်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကာလအတွင်း အကူအညီပေးအပ်ခဲ့မှုအပါအဝင် AHA Centre ၏ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး အမှန်တကယ်အကူအညီလိုအပ်နေသည့် မြန်မာပြည်သူများထံ အကူအညီများ ထိရောက်လျင်မြန်စွာရောက်ရှိရေးအတွက်မြန်မာနိုင်ငံအစိုးရနှင့်နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာတွင် မြန်မာနိုင်ငံ၏ဦးစားပေးလိုအပ်ချက်နှင့်ကိုက်ညီမှုရှိစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးမှု၊ မြန်မာအစိုးရအနေဖြင့်လူသားချင်းစာနာမှုအကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ပို့ဆောင်ရာတွင် AHA Centre ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့မှုများကိုပြောကြားကာ မြန်မာနိုင်ငံအတွင်း AHA Centre ၏ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားသည်။

**မြဝတီ**

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို ဖော်ညွှန်းပြသထားသည့် “တူညီအိပ်မက် လက်ချင်းယှက် အောင်ပွဲဆက်မည် IPRD” Video Clip ကို ပြသသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မိမိတို့ဝန်ကြီးဌာန၏ အရေးပါသည့် ဌာနကြီးတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းခဲ့သည်မှာ ၃၅ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ခြင်းမှာ ဦးဆောင်သူများနှင့် တာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်နေကြသည့်ဝန်ထမ်းများ၏ တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်မှုကြောင့်ဖြစ်ကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးပေါင်း ၄၃၅ ရုံးဖြင့် ကြီးမားသည့် ကွန်ရက်ကြီးတစ်ခုသဖွယ်ဖွဲ့စည်းဆောင်ရွက်နေသည့် ဌာနကြီးတစ်ခုဖြစ်ကြောင်း။

ဝန်ကြီးဌာနနှင့် မိမိတို့ဦးစီးဌာနကို ပြည်သူများ၏ ယုံကြည်မှု၊ အားကိုးမှု၊ အသိအမှတ်ပြုမှုများရရှိအောင် ဝန်ထမ်းအားလုံးကစည်းစည်းလုံးလုံးဖြင့်ဆက်လက်ကြိုးစားထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ မြဝတီမြို့တွင် Online လိမ်လည်မှုအမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ၊ တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်အပ်နှံရေးလုပ်ငန်းစဉ်များတွင် အချိန်မီသတင်းထုတ်ပြန်ရေးလုပ်ငန်းများကို မဆုတ်မနစ်တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် တာဝန်ကျေပွန်ဆုနှင့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဌာနလုပ်ငန်းများထိခိုက်ပျက်စီးခဲ့ချိန်တွင် ဌာနလုပ်ငန်းများ၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ နေထိုင်ရေးလုပ်ငန်းများအား စေတနာပြည့်ဝစွာ အပင်ပန်းခံပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အဆင့်အခမ်းအနားများတွင် ဝန်ကြီးဌာန၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်ပြီး ဌာန၏လုပ်ငန်းများ ပိုမိုပေါ်လွင်အောင် ထူးခြားဆန်းသစ်တီထွင်ဆောင်ရွက်နိုင်မှုဆု၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးလှုပ်ရှားမှုအကောင်းဆုံးဆောင်ရွက်နိုင်မှုဆုရရှိကြသည့် မကွေးတိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရှမ်းပြည်နယ်ရုံး၊ ဧရာဝတီတိုင်းဒေသကြီးရုံးနှင့် မန္တလေးတိုင်းဒေသကြီးရုံးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုရရှိသည့် မကွေးတိုင်းဒေသကြီးရုံးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဆုရရှိသူများ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ခရိုင်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများက အွန်လိုင်းမှတက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များက သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့်ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဗထူးတပ်နယ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၃ သို့ ■**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)တွင် ဥစားကြက်(Novogen Brown)မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**✤ တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင်ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရမည်ဖြစ်၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်ရှိသည့်တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လို . . .**

**✤ လေ့ကျင့်ရေးကို တစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါလေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊ စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမည်ဖြစ် . . .**

■ စာမျက်နှာ ၁၂ မှအဆက်

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာသင်တန်းကျောင်းကြီးများနှင့် လေ့ကျင့်ရေးအထောက်အကူပြု လက်ရုံးဝန်ထမ်းတပ်များအခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိကတာဝန်သည် လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည့်အတွက်လေ့ကျင့်သင်ကြားရေးနှင့်ပတ်သက်၍ ပီပီပြင်ပြင်လက်တွေ့ကျကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ထိုသို့စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင်နည်းပြများအနေဖြင့်စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင်အောင် အိတ်သွန်ဖာမှောက် သင်ကြားပေးရန်လိုကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားတပည့်များကို ဆရာဂုဏ်ပြည့်ဝစွာဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

ထို့အပြင် တပ်မြို့တွင် နေထိုင်သောအရာရှိ အရာခံ၊ အကြပ်စစ်သည်များအနေဖြင့် မိမိတို့တပ်၊ ကျောင်းများကိုသာမက မြို့နေလူထု၏ လုံခြုံရေးနှင့်အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန် လိုကြောင်း၊ တပ်မတော်သားများတာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးရာ၊ မွမ်းမံလေ့ကျင့်ပေးရာ သင်တန်းကျောင်းကြီးများရှိရာမြို့ဖြစ်၍ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် မိမိအားပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန် လိုကြောင်း။

NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များအနေဖြင့် နိုင်ငံရေးဖြစ်စဉ် ကမောက်ကမဖြစ်မှုများကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် လူငယ်၊ လူရွယ်များ၊ DCS နိုင်ငံ့ဝန်ထမ်းအချို့တို့အား လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများရယူကာ အကြမ်းဖက်သင်တန်းများသင်ကြားပို့ချ၍ လက်နက်များတပ်ဆင်ပေးကာ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်စေရန်မြှောက်ပင့်ပေးမှု၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့များ ဒေသအလိုက်အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင်ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့်အတူတကွပူးပေါင်း၍ တရားဥပဒေနှင့်အညီ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်ခိုက်ချေမှုန်းနှိမ်နင်းလျက်ရှိပြီး အောင်မြင်မှုများစွာရရှိခဲ့ကြောင်း၊ ထိုသို့အောင်မြင်မှုရရှိခြင်းသည် အရာရှိ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ စွမ်းရည်များကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့တစ်ဦးချင်း၏စွမ်းရည်များရရှိလာအောင် လေ့ကျင့်ရေးသင်တန်းကျောင်းကြီးများကပင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်၍ ရှေ့ဆက်၍လည်း နည်းပြများအနေဖြင့် သင်တန်းသားများကို ယခုထက်ပို၍ စနစ်တကျလေ့ကျင့်သင်ကြားပေးသွားကြရန်လိုကြောင်း။

နိုင်ငံရေးဖြစ်စဉ်နှင့်ပတ်သက်၍ NLD အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပါတီအား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်များကိုစတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့ကြကြောင်း၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးဖြစ်ပေါ်နေသည့် ကာလဖြစ်ပြီး သစ္စာမဲ့သည့် နိုင်ငံ့ဝန်ထမ်းအချို့၏လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရာဂိမုန်တိုင်းတိုက်ခတ်မှု၏နောက်ဆက်တွဲအဖြစ် နှစ်ပေါင်း ၁၀၀ အတွင်း မကြုံဖူးသောရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ခြင်းများနှင့် အခြားစိန်ခေါ်မှုကြီးများကိုလည်း အခက်အခဲများကြားမှ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့်အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့် နောက်ပိုင်းတွင် အကြမ်းဖက်မှုများ တဖြည်းဖြည်းလျော့ပါးသွားခဲ့ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM) စက်များဖြင့် စနစ်တကျမဲပေးခြင်းများကို မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ ရွေးကောက်ပွဲလာရောက်လေ့လာစောင့်ကြည့်သူများ၊ ပြည်တွင်း/ပြည်ပမီဒီယာများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် မကြာမီလာမည့် မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်ကို ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင်ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသည့် နည်းပြများအနေဖြင့်လည်း စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာအသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့်တပ်မတော်သားများဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျလေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း။

ဗထူးတပ်မြို့သည်လေ့ကျင့်ရေးကျောင်းကြီးများရှိသကဲ့သို့ ခြေလျင်/ခြေမြန်တပ်ရင်းများ၊ လက်ရုံးတပ်ဖွဲ့များလည်းရှိကြရာ တပ်ရင်း/တပ်ဖွဲ့နှင့် မိသားစုများအတွက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကိုလည်း နိစ္စဓူဝသမားစဉ်လုပ်ငန်းများနှင့်အတူ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကို တစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါလေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္ဓေအရာရှိစစ်သည်များနှင့်မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊ စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် ၃ ရပ်ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသောလုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မကြာမီ မတ်လတွင်ကျင်းပတော့မည့် Grade-12 စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်များမှ ကျောင်းသား၊ ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိ၏သားသမီးများအား ပညာအမွေပေးနိုင်ရန်၊ တန်းစဉ်ကူးပြောင်းမှုတွင်အတန်းပညာပြီးဆုံးသည်အထိပါဝင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ တိုင်းစစ်ဌာနချုပ်မှပေးအပ်သည့် ကြက်ဥများကိုပေးအပ်ရာ တပ်နယ်မှူးကလက်ခံရယူသည်။ အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည်မွန်းလွဲပိုင်းတွင်တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)သို့ သွားရောက်၍ ဥစားကြက်(Novogen Brown) မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုများအားလည်းကောင်း၊ လယ်မြေသစ်များဖော်ထုတ်၍ ၎င်းလယ်မြေများတွင် နေကြာသီးညှပ် ၈ ဧက၊ ကုလားပဲ ၈ ဧက၊ ပဲပုပ် ၁၄ ဧကနှင့် အာလူး ၁ ဧကစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို၊ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးသွားရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ် ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိလာသည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha နှင့် ဇနီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည်ဖေဖော်ဝါရီလ ၂၄ ရက်တွင်ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကြရာ တပ်မတော်(လေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်နေပြည်တော်လေတပ်စခန်းသို့ရောက်ရှိကြပြီး သုရဲကောင်းဗိမာန် (နေပြည်တော်)သို့သွားရောက်ကာ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာ အသက်စွန့်ခဲ့ကြသူများအား အလေးပြုကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ၌ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဘုရင့်နောင်ရိပ်သာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် လေ့လာရေးခရီးစဉ်များ အပြန်အလှန် စေလွှတ်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာစားပွဲကို Park Royal Hotel ၌ ပြုလုပ်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှအရာရှိကြီးများ တက်ရောက်ကာ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေးအဖွဲ့များက တေးသံသာများဖြင့် သီဆိုဧည့်ခံခဲ့ကြသည်။ ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နှစ်နိုင်ငံလေတပ်အကြီးအကဲများက အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ချစ်ကြည်ရေးခရီးစဉ် လာရောက်စဉ်ကာလအတွင်း ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိအထင်ကရနေရာများဖြစ်သည့် ကမ္ဘာအေးဘုရား၊ ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့လည်းကောင်း၊ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ထို့နောက်အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁˚c | / | ၂၉˚c |
| ရန်ကုန် | ၂၁˚c | / | ၃၀˚c |
| မန္တလေး | ၂၅˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၂၅-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

➢ စာမျက်နှာ ၁၇ မှအဆက်

သဘာဝဘေးဆိုးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းပေးခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း မူလအဆင့်အတန်းထက်ပိုမိုမြင့်မားစေရေး ရည်မှန်းဆောင်ရွက်ရန် လမ်းညွှန်ချက်ကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့ အစည်းများနှင့် ညှိနှိုင်းတိုင်ပင်လျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်နှင့် ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို အားလုံးသိမြင်ကြပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းနေချိန်တွင် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏အမျိုးသားအကျိုးစီးပွားကိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၈)၊ ပုဒ်မ ၃၈၃ တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်"** ဟု ပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေးဆံမြည့်ကာကွယ်စောင့်ရှောက်သွားကြရန်အထူးမှာကြားလိုကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်၏ပကတိလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိမှသာ ခိုင်မာတိုးတက်သည့် လူမှုစီးပွားဘဝများကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အခက်အခဲများဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့် မြို့နယ်အချို့ကို စစ်အုပ်ချုပ်ရေးအမိန့်များထုတ်ပြန်ခဲ့ပြီး တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အကြမ်းဖက်သမားများသည် ခိုအောင်းနေသည့်မြို့ရွာတော်တော်များများမှ ဆုတ်ခွာထွက်ပြေးနေကြပြီဖြစ်သကဲ့သို့ NUG၊ CRPHနှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားအချို့သည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်လက်ခံလာပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်း တဖွဲဖွဲဝင်ရောက်လာမှုအနေဖြင့် ၂၀၂၁ ခုနှစ်မှ ယနေ့ထိ အလင်းဝင် စုစုပေါင်း ၁၃၄၁ ဦးရှိနေပြီး ဆက်လက်၍လည်း




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း ထူးချွန်ဆုရဗိုလ်လောင်းများနှင့် ၎င်းတို့၏မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အလင်းဝင်ရောက်ရန် ဆက်သွယ်နေကြဆဲဖြစ်ကာ အမှောင်ကာလအတွင်း ဥပဒေနှင့် ငြိစွန်းခြင်းမရှိသည့် အလင်းဝင်ရောက်သူများကို နိုင်ငံတော်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးတို့မှ ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုခဲ့ကြပြီး မိဘဆွေမျိုးရင်ခွင်အတွင်းသို့ လိုအပ်သည့်၊ တတ်နိုင်သည့် ထောက်ပံ့ပေးမှုများနှင့် လွှဲပြောင်းပေးခဲ့ရာ အလင်းဝင်ရောက်သူများအနေဖြင့်လည်း စိတ်လက်ချမ်းသာစွာဖြင့် မိသားစုများနှင့် အေးချမ်းပျော်ရွှင်နေကြပြီဖြစ်ကြောင်း။

နယ်မြေတည်ငြိမ်အေးချမ်းရေး ပြန်လည်ရယူနိုင်ခဲ့သည့်မြို့နယ်များကို အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လူနေအဆောက်အဦများ ပြန်လည်ပြုပြင်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝအေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပေးအပ်လာသည့် တာဝန်မှန်သမျှကို မမိုတ်မသုန် ကျေကျေပွန်ပွန်ထမ်းဆောင်သွားကြဖို့ တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အလွန်ရုပ်ဆိုးအကျည်းတန်သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၁)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)ပါ **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"**ဆိုသည့် ပြဋ္ဌာန်းချက်အတိုင်း တပ်မတော်သည်အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်နှင့်အညီ တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဆိုသည့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်နှင့်အညီ နိုင်ငံတော်ကို ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီစနစ်တွင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့်ရွေးကောက်ပွဲသည် အရေးကြီးဆုံးဖြစ်ခြင်းကြောင့် ၂၀၂၃ ခုနှစ် လောက်မှစတင်ပြီး ရွေးကောက်ပွဲအတွက် တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သည်များကို ပြင်ဆင်စီမံခဲ့ရာမှ နောက်ဆုံးလွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အပိုင်း ၃ ပိုင်းခွဲပြီး အောင်မြင်စွာကျင်းပပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းအနက် ၁၃ ဒသမ ၁၃ သန်းလာရောက်မဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ပြည်သူများကဆန္ဒမဲပေးခဲ့ကြတာကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တပ်မတော်အနေဖြင့် လုံခြုံရေးပိုင်းအပါအဝင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့သလို နိုင်ငံတော်အစိုးရမှလည်း တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် နိုင်ငံတကာမှ ရွေးကောက်ပွဲဆိုင်ရာစောင့်ကြည့်လေ့လာသူများကိုဖိတ်ခေါ်၍ လာရောက်လေ့လာစေခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုက လွတ်လပ်၍တရားမျှတစွာ ရွေးချယ်ပေးလိုက်သည့် ရွေးကောက်ပွဲက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်က လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဘက်လိုက်မှုကင်းကင်းနှင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေမှုများဖြစ်သကဲ့သို့ သမိုင်းမှတ်တမ်းကောင်းများလည်းဖြစ်ကြောင်း၊ မိမိနိုင်ငံနှင့်တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံ့အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်အင်အားတောင့်တင်းရမည်ဖြစ်သကဲ့သို့ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုရိုးအတိုင်း တပ်မတော်နှင့်ပြည်သူစည်းလုံးညီညွတ်မှုသာ ခိုင်မာသည့် စည်းလုံးညီညွတ်မှုအင်အားကို ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အခြေခံသည့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာစေရန်အတွက် လက်အောက်စစ်သည်များနှင့် မိသားစုဝင်များအပေါ် မိသားစုသဖွယ်၊ ညီအစ်ကိုမောင်နှမသဖွယ် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်များကိုအသုံးပြုပြီး တပ်မတော်သိက္ခာကျအောင် ထိုးနှက်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး မိသားစုဝင်များကို မှန်ကန်သည့် အသိ၊ အမြင်၊ ယုံကြည်ချက်၊ ခံယူချက်ဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့် ဦးဆောင်လမ်းညွှန်မှုများနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအောင် တည်ဆောက်နိုင်ရန်သာမက တပ်ပြင်စည်းလုံးညီညွတ်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

Continuing, the Vice-Senior General and party visited No. 1 Basic Education High School (Bahtoo) and observed the close tutoring being provided to Grade-12 students who will sit for the examination in March 2026, offering words of encouragement. Afterwards, during a meeting with the school principal and teachers in the principal's office, officials explained the arrangements, training, and teaching efforts to ensure high pass rates for this year's Grade-12 candidates, as well as the implementation for education sector development and requirements. Regarding this year's Grade-12 examination, the Vice-Senior General instructed that collective efforts should be made with the target of ensuring the students sitting this year pass with distinction and maintain or increase the pass percentage compared to last year's results. He urged responsible officials, teachers, and parents to work together to ensure full grade progression annually. As the Grade-12 exam is imminent, he advised maximizing study time during the remaining period, possibly through study camps for close supervision. Furthermore, he stressed the need for teachers to instruct students diligently so that they master and learn the lessons appropriate for their grade level. He provided necessary supplies and then presented honorariums for the teachers and students, along with eggs and refreshments provided by the Regional Military Command, which were received by officials and students.

Subsequently, the Vice-Senior General and party inspected the damage within the school caused by the aftershocks of the great Mandalay earthquake that struck on March 28, 2025, which resulted in the collapse of approximately 170 feet of the school compound wall and damage to classroom ceilings. It is reported that he coordinated with relevant responsible officials for the swift repair and restoration of the damages.

**100**

---

■■ **From Page - 21**

also diligently undertaken reconstruction efforts, striving to rebuild to a higher standard than before.

As it is prescribed that **"every citizen is responsible for safeguarding the non-disintegration of the Union, the non-disintegration of national solidarity, and the consolidation of sovereignty,"** these Three Main National Causes must be regarded as a shared national duty and protected with the utmost vigilance and care.

A strong and prosperous socio-economic life can be achieved only when the country is stable and peaceful. However, political extremist terrorist groups that oppose the nation's stability and development are recklessly destroying roads and bridges in an attempt to disrupt transportation and obstruct the flow of goods, thereby causing hardship for the people.

The Tatmadaw has formulated and is implementing future plans and objectives to steadfastly advance along the multi-party democratic path aspired to by the people, in line with the two political objectives of strengthening a genuinely disciplined multi-party democratic system and building a Union founded on democracy and federalism.

**See Page - 23** ■■

■■ From Page - 22

The free and fair multi-party democratic general election was successfully conducted in three phases, beginning on December 28, 2025.

The Tatmadaw has provided full cooperation in all sectors, including security, to ensure the successful conduct of the multi-party democratic general election, and the government has invited international election observers to monitor the process in order to guarantee its fairness.

The State Security and Peace Commission will transfer state responsibilities to the elected government that emerges from the free and fair election, in accordance with democratic principles and standards.

In the present era, certain individuals and organizations are using social media to undermine the honor and reputation of the Tatmadaw. Therefore, it is essential to give proper guidance to family members in order to strengthen internal unity within the Tatmadaw, while also living and conducting oneself in accordance with the ten prescribed ethical principles so as to reinforce unity beyond the Tatmadaw.

The Vice-Senior General delivered a comprehensive address outlining the requirements for leading and administering subordinates under one's responsibility with fairness and genuine comradeship, in accordance with the 16 leadership characteristics. He emphasized the need to strive to become capable and exemplary leaders, to conduct training as a military operation in order to produce combat-ready forces, and to diligently fulfill all duties entrusted by the state and the people. He also stressed the importance of upholding the Three Main National Causes as a national responsibility and safeguarding them to the fullest extent, while working to become dependable future leaders upon whom the state and the Tatmadaw can rely. The full text of the speech will be published in the daily newspapers.

Later, Vice-Senior General Soe Win left the military parade ground after receiving the salute from the cadet companies.

After the military parade, Vice-Senior General Soe Win met with the cadets who won the outstanding award at the hall together with senior military officers from the Office of the Commander-in-Chief and the commander of the Eastern Command and gave a congratulatory speech. **100**

# Narcotic drugs, paraphernalia used in drug production seized near Wanlone Village, Mong Hsat Township, Shan State (East)

NAY PYI TAW February 25


The government and the Tatmadaw have been carrying out prevention and combats against narcotic drugs by designating it as a national responsibility in cooperation with relevant organizations in the entire country concertedly and consistently and drugs and paraphernalia used in drug production were seized near Mong-Khote town, Mong Hsat District in Shan State (East) in the afternoon of 24 February.

Following the tip that narcotic drugs were being produced about 30 kilometer northwest of Tachilek in Shan State (East), a combined teams including members of security forces conducted an area clearance operation and seized drug precursor materials and paraphernalia including two boxes of Promethazine-brand anti-cough syrup each of which held 50 containers, 18 large containers of Food Colour-brand blue chemicals and 41 small containers of them, 500 bottles of liquid chemicals still under identifying, 15 boxes of Monkey Head-brand scent syrup, each of which held about 20 containers, six polypropylene half-bags of white powder under identifying, three packages of raw opium, one heroin block, a package of black material still under identifying, nine packages, each of which held one kilograms of white crystals, 6,000 WY tablets enclosed with yellow tapes in 12 bunches, 10,000 WY tablets enclosed with 999-brand yellow tapes in 10 bunches, 12 polypropylene half-bags of unpacked WY tablets, 12 half-bags of chemical powder assumed to be used in WY production, two boxes of moulds, 14 blue containers containing related items, three kilo balances, one large generator, three small mixers and 32 drying trays of various sizes about eight kilometer south of Wanlone Village, about 19 kilometers southeast of Mong Khote in Mong Hsat Township at about 2:00 pm on 24 February.





Narcotic drugs and related items used in refining drugs seized near Wanlone Village, Mong Hsat Township, Shan State (East).





Photos show narcotic drugs and related items used in refining drugs.





Photos show narcotic drugs and related items used in refining drugs seized near Wanlone Village, Mong Hsat Township, Shan State (East).

Plans are underway to launch detailed investigations into the seized paraphernalia by combined teams comprising experts, to hand over to relevant departments in accordance with rules and regulations and systematically destroy them by incineration and those who were involved will be identified and effective action will be taken against them.

Myanmar has accelerated its drug elimination tasks in cooperation with neighbouring countries including the United Nations, member countries of the ASEAN, Greater Mekong Sub-region countries, BIMSTEC countries and international drug elimination organizations. Moreover, Myanmar has been carrying out drug elimination tasks including destroying opium plantations, identifying and carrying out raids against sites that can produce narcotic drugs and awareness raising campaigns for student youths in cooperation with local residents and plans are underway to take effective action against organizations that are mainly involved in production of the seized drugs. **100**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ညီလင်းညိုက အတော်အံ့သြနေတယ် ထင်တယ်'

ရုတ်ခြည်းချွေးပြန်သွားသော ကျော်ထွန်းညိုသည် သက်ပြင်းမှုတ်ထုတ်ရင်း ချွေးသုတ်သည်။ 'ကိုကိုရ တယ်ဟုတ်ပါလား ကိုကိုရ၊ ဒို့အစ်ကိုက စွံတယ်မောင်၊ အောင်မာ ကိုကို သူ့ကိုကြိုက်နေသေးတယ် ပေါ့လေ ဟုတ်လား၊ အပြုစားခံရမှာကိုတော့ သတိထားနော်' ဟု အိပ်ရာမဝင်ခင် တောင်စဉ်ရေမရ ပါးစပ်မပိတ်တမ်းပြောတော့မည့်စကားသံများကို ကြိုတင်ကြားယောင်နေသည်။

'ညီလင်းက စိုးရိမ်နေတာပါ'

'ဘယ်သူ့ကိုလဲ'

'ကျွန်တော့်ကိုလေ'

'ဟာ ဟာ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ကားအတူတူစီးသွားကြတာ၊ ယောကျ်ားလေးကို စိုးရိမ်ရတယ်တဲ့လား၊ စဉ်းစဉ်းစားစားလေးလည်း ပြောပါရှင်'

စုလှိုင်ကရယ်သည်။ တကယ်ရယ်ချင်၍ရယ်လိုက်သောအခါ သူ့မျက်နှာပေါ်တွင် ဖုံးအုပ်နေတတ်သော တင်းမာအေးစက်သည့် အမြေးပါးလေး ကွာကျသွားကာ ကြည်လင်ဝင်းပသွားသည်။

'ဒါပေမဲ့ ကျွန်တော်က မပြုစားတတ်ဘူး'

'သြော် ဟော် စုကတော့ စုန်းမဆိုပါတော့ ဟုတ်လား'

ကားပြတင်းပေါက်မှန်ကို အကုန်ဖွင့်ချထားကာ အရှိန်ပြင်းပြင်းဖြင့်မောင်းသဖြင့် စုလှိုင်၏ဆံပင်များသည် ကပိုကရို ပျံ့ဝဲနေကြသည်။ လည်တိုင်တွင်စည်းထားသော ပိုးပဝါနီနီလေးသည်လည်း တဖျပ်ဖျပ်လွင့်နေလေသည်။ ကျော်ထွန်းညိုသည် ဘာမှပြန်မပြောဘဲ စုလှိုင်ကိုအသာငဲ့ကြည့်သည်။ ခေတ္တကွာကျသွားသောအမြေးပါးလေးသည် သူ့မျက်နှာကို ရိပ်ခနဲပြန်လည်ဖုံးအုပ်သွားသည်။

**"ကားပြတင်းပေါက်မှန်ကို အကုန်ဖွင့်ချထားကာ အရှိန်ပြင်းပြင်းဖြင့်မောင်းသဖြင့် စုလှိုင်၏ဆံပင်များသည် ကပိုကရိုပျံ့ဝဲနေကြသည်။ လည်တိုင်တွင်စည်းထားသော ပိုးပဝါနီနီလေးသည်လည်း တဖျပ်ဖျပ်လွင့်နေလေသည်။ ကျော်ထွန်းညိုသည် ဘာမှပြန်မပြောဘဲ စုလှိုင်ကိုအသာငဲ့ကြည့်သည်။ ခေတ္တကွာကျသွားသောအမြေးပါးလေးသည် သူ့မျက်နှာကို ရိပ်ခနဲ ပြန်လည်ဖုံးအုပ်သွားသည်. . ."**

တရိပ်ရိပ်ပြေးနေသော ကားလေးသည် အင်းလျားကန်ပေါင်ရိုးကိုပင် ကျော်ဖြတ်လာသည်။ တံတားဖြူလေးနားတွင် အမာညို၏သူငယ်ချင်း မြတ်ကိုကိုအားတွေ့လိုက်သည်။ သူကလည်း တွေ့လိုက်ပုံရသည်။ လည်ပင်းကြီးရှည်ထွက်လာပြီး ပါးစပ်အဟောင်းသားဖြင့် လည်ပြန်အောင် လိုက်ကြည့်နေစဉ် ဝေးပြီးကျန်ခဲ့သည်။

'ဘယ်ကိုသွားမှာလဲ စု'

'ကားမောင်းနေတာလေ၊ ဘယ်ရယ်မဟုတ်ပါဘူး'

'ဘယ်အထိသွားမလို့လဲ'

'သိဘူးလေ၊ ခါတ်ဆီတော့အပြည့်ပဲ'

'ကျွန်တော့်ကိုတော့ လှည့်ဖြားပြီး ကားတင်လာတာမဟုတ်ပါဘူးနော်'

စုလှိုင်ရယ်ရပြန်သည်။ ဒီလိုတော့လည်း တည်တည်အေးအေးနေတတ်သော ကျော်ထွန်းညိုသည် ညီလင်းနှင့်တူသွားသည်။

'ကားတင်လာတာဆိုရင် ဘာလုပ်မလို့လဲ'

'ကယ်တော်မူကြပါလို့ အော်ရမှာပေါ့ဗျာ'

'ကဲ၊ ဒါဖြင့်အော်လေ'

'ကယ်ကြပါ၊ ကယ်ကြပါဗျို၊ ကျွန်တော့်ကို မတရားဆွဲတင်လာပါတယ်၊ အမလေး ကယ်ကြပါ'

ကျော်ထွန်းညိုက ရယ်မောနေရင်းမှ ထအော်သည်။ စုလှိုင်က တသိမ့်သိမ့်ရယ်ရင်း ကားစက်ရှိန်ကို တိုးမြှင့်လိုက်သည်။ အအော်ရပ်သွားသောအခါမှ လမ်းဘေးသို့ကပ်၍ရပ်ပေးသည်။

'ကဲ ဆင်း'

'ဟောဗျာ'

'မတရားဘူးထင်ရင် လိုက်မစီးနဲ့တော့ပေါ့ ကိုကျော်ထွန်းညိုရဲ့'

'ဟာ၊ သူများသားပျိုလေးကို ဟင်းရွက်ကန်စွန်းရွက်လို လမ်းဘေးမှာ ပစ်ခဲ့တော့မလို့လားဗျာ၊ မသကာ ကျောင်းအထိ ပို့ပေးတယ်ဆိုဟုတ်သေး'

အပြောင်အပြက် ပြောနေသော်လည်း ကျော်ထွန်းညို၏ရင်ထဲတွင် တုန်ယင်လှုပ်ရှားနေသည်ကို သူ့မျက်လုံးများမှ တစ်ဆင့်သိလိုက်ပြီဖြစ်၍ စုလှိုင်ကျေနပ်သွားသည်။ အနည်းဆုံးတော့ သူ့ခမျာ သုံး၊ လေးညလောက် အိပ်ပျက်ပြီး အတွေးနယ်ထဲတွင် ဂယောက်ဂယက်လေးဖြစ်တော့မည်မှာ သေချာနေသည်။

'ဒီတစ်ခါ သဘောတူလို့ လိုက်တာနော်၊ ဖြားယောင်းသွေးဆောင်ပြုစားမှု မဟုတ်ဘူး'

စုလှိုင်က အတည်ပေါက်နှင့်ပြန်နောက်ရင်း ကားကို စက်ပြန်နှိုးလိုက်သည်။ ကျော်ထွန်းညိုသည် စုလှိုင်နှင့်အတူတငြိမ့်ငြိမ့်ကားစီးနေရသော ပျော်ရွှင်ကြည်နူးမှုလေးကို လက်မလွှတ်လိုသေးချေ။ သို့သော် စုလှိုင်က ကျောင်းအထိလိုက်ပို့သောအခါ မဆင်းချင်ဆင်းချင်နှင့် ကားပေါ်မှဆင်းရလေသည်။

'ဟော့၊ ပြန်လာပြီလား၊ မြန်လှချေကလားကွ၊ သက်သက်ကဘာပြောလိုက်လဲ'

ဌာနဘက်သို့ အူကြောင်ကြောင်ဖြင့် ပြန်လျှောက်အလာတွင် ကိုတင်မောင်ဌေးနှင့်တွေ့သည်။ ကျော်ထွန်းညိုသည် နေ့လယ်အိပ်မက်မှ ဖျတ်ခနဲလန့်နိုးသွားသလို ရင်တဒိတ်ဒိတ်ခုန်ပြီး မျက်လုံးပြူးသွားသည်။ ခေတ္တမျှ ငိုင်နေမိသေးသည်။ ထို့နောက်မှ စိတ်ဝင်တစားကြည့်နေသော တင်မောင်ဌေးကို သုံးဆယ့်နှစ်ချောင်းသော သွားများအကုန်ဖော်ပြီး 'ဟီး' ခနဲ ရယ်ပြသည်။ သူက ရယ်ပြခြင်းဖြစ်သော်လည်း ရယ်သည်နှင့်တူဟန်မရှိချေ။ ကိုတင်မောင်ဌေးက မျက်မှောင်ကုတ်၍ အော်သည်။

'ဟကောင်၊ မင်းသွားကြီးတွေဖြဲပြီး ငါ့ကို ဘာလို့ခြောက်ပြနေတာလဲ၊ ငါ တစ္ဆေမကြောက်တတ်ဘူး'

■ ■ ■ ■ ■

'တစ္ဆေတော့ ကြောက်တယ်ဟယ်၊ အခြောက်များခံရရင်တော့ ငါ မတ်တတ်ကလဲသေမှာပဲ'

နန်းမိုးအေးက ပခုံးလေးတွန့်ကာ အသံဝဲဝဲလေးဖြင့်ပြောသည်။ သက်သက်သည် သူ့ကိုကြည့်ရင်း ပြုံးနေမိသည်။ သူ တစ္ဆေကြောက်တတ်ပုံမှာကား ပြောစမှတ်ပင်ဖြစ်သည်။ ညဉ့်မှောင်လျှင် အိမ်သာသို့ပင် တစ်ဦးတည်း သွားရဲသူမဟုတ်ချေ။ သို့သော်လည်း တစ္ဆေဝတ္ထု၊ သရဲဝတ္ထုဆိုလျှင် သူ့လောက် စွဲစွဲလမ်းလမ်းဖတ်တတ်သူကို ရှာ၍ပင်ရမည်မထင်။ သက်သက်တို့ ငယ်စဉ်က ဖတ်ခဲ့ရသော 'လူနီကြီး၊' 'နှစ်ဆောင်ပြိုင်အိမ်၊' 'မှော်ဝင်ပန်းချီကား၊' 'ဂမုန်းစောင့်ဘီလူး' စသောစာအုပ်များကို သူ့ဆီ၌ တွေ့ရသေးသည်။ တစ်ခါကလည်း တစ်ခန်းလုံး မီးအလင်းထွန်းပြီး စောင်အထူကြီးကို ပခုံးထိခြုံကာ တစ္ဆေဝတ္ထုကို သဲသဲမဲမဲဖတ်နေစဉ် သနပ်ခါးဘဲကျားနှင့်ဝင်လာသောသက်သက်ကို တစ္ဆေထင်ပြီး လန့်အော်ခဲ့ဖူးသည်။ တစ်ဆောင်လုံး အထိတ်တလန့်ဖြစ်ခဲ့ရဖူးသည်။

'တစ္ဆေဆိုတာ လူထက်နိမ့်ကျတာပဲ နန်းမိုးရဲ့၊ ဘာကြောက်စရာရှိလဲ'

'အို ဟယ်၊ ငါတော့ကြောက်တာပဲ'

ဆေးရုံတစ်ခုလုံး တိတ်ဆိတ်နေသည်။ ညဉ့်ဆယ့်နှစ်နာရီကျော်ပြီမို့ လူနာများလည်း အိပ်မောကျနေပေပြီ။

အရိုးဌာနသို့ရောက်လာသောအခါ ညဂျူတီကျသော်လည်း အတန်ငယ်သက်သာသည်။ အရိုးကျိုးလူနာများသည် နာတာရှည်သဘောမျိုးဖြစ်နေ၍ အတိုင်အတောနားပူနားဆာသိပ်မများလှပေ။ တစ်ခါတစ်ရံ ကိုက်ခဲလွန်း၍ မအိပ်နိုင်မှသာ ညည်းညူတတ်ကြသည်။ ခွဲစိတ်ဆောင်နှင့်ရောဂါဆောင်များတွင် တာဝန်ကျစဉ်ကမူ မနားရချေ။ ဟိုလူနာက အော်၊ ဒီလူနာက ဟစ်၊ အရေးပေါ်ရောက်လာသူကတစ်မျိုးနှင့် တစ်ခါတစ်ရံ မိုးလင်း၍ပင် ဘယ်အချိန် လင်းသွားမှန်းမသိအောင် အလုပ်များလှသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပေါင်းလပြည့်နေ့တွင် ကျရောက်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားကို နဝရတ်ကတိသစ္စာ သံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့သည် ပြည်သူလူထု၏ ကျန်းမာရေးကိုတိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသော တိုင်းရင်းဆေးသမားတော်ကြီးများ၏ ကြိုးစားအားထုတ်မှုများကို အမှတ်တရ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် သမားတော်ကြီးများက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို အစဉ်အလာမပျက်ကျင်းပခဲ့ကြောင်း၊ ယနေ့ အခမ်းအနားမှ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူ့ကျန်းမာရေးအတွက် အမြဲအားထားရမည့် အင်အားတစ်ရပ်အဖြစ် တည်တံ့ခိုင်မြဲစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစုစုဌေးက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက




သက်ကြီးဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများအား ဂါရဝပြုလက်ဆောင်နှင့် သိပ္ပကျော်စွာဘွဲ့ရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးဆရာကြီးဦးမြင့်လွင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ကြီးဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများအား ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး စွမ်းဆောင်ရည်ဆုနှင့် သင်တန်းထူးချွန်ဆုရရှိသူ တိုင်းရင်းဆေးဆရာများအား ဆုများပေးအပ်ချီးမြှင့်ရာ စွမ်းဆောင်ရည်ဆုရ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၃) အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုပြင်ဆင်ခြင်းထက် ဥပဒေကိုပယ်ဖျက်ပြီး ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းရန်နှင့် ဥပဒေတွင်မပါဝင်သေးသည့် ဒစ်ဂျစ်တယ်စီးပွားရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှုနှင့် အစပျိုးစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပါဝင်ထည့်သွင်းရေးဆွဲရန် ဥပဒေရေးရာဝန်ကြီးဌာန၏ အကြံပြုချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကို အသစ်ရေးဆွဲရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဥပဒေ(မူကြမ်း)တွင်ပါဝင်သော အကြောင်းအရာများကို ပုဒ်မအလိုက် တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)ကို နိုင်ငံတော်က ချမှတ်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# တိုင်းရင်းဆေးပညာနှင့် ဇီဝနည်းပညာတိုးတက်မှုများ မျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) အထောက်အပံ့ဖြင့် တိုင်းရင်းဆေးပညာနှင့် ဇီဝနည်းပညာ တိုးတက်မှုများမျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Advances in Traditional Medicine and Biotech-nology)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်အနေဖြင့် ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းထားပြီး စီမံကိန်းအမျိုးမျိုးကိုချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော်နိုင်၍ ရည်မှန်းထားသည့် ပန်းတိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ရေးဆွဲခြင်းနှင့် အချိန်တိုအတွင်း အကျိုးရှိစေမည့် စီမံကိန်းများကို ကာလတို၊ ကာလရှည်အစီအစဉ်များဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ သုတေသနပညာရှင်များကိုဖိတ်ကြားကာ ပြည်တွင်း၊ ပြည်ပတိုင်းရင်းဆေးပညာနှင့် ဇီဝနည်းပညာရပ်များ၏တိုးတက်မှုများ၊ နောက်ဆုံးပေါ်နည်းပညာများကို ဆွေးနွေးမျှဝေခြင်း၊ အတွေ့အကြုံကောင်းများဖလှယ်ခြင်းနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည့်အတွက် ဆွေးနွေးပွဲမှရရှိလာသည့် တိုင်းရင်းဆေးပညာနှင့် ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံများ၊ ဗဟုသုတများကို နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစေမည့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်တွေ့အသုံးချဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် သုတေသနများပေါ်ထွက်လာနိုင်စေရန် ပြည်တွင်းမှ သုတေသနဌာနများနှင့် သာမက ပြည်ပမှသုတေသနဌာနများ၊ တက္ကသိုလ်များနှင့်ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Minister Counselor ဖြစ်သူ Dr. Zheng Zhihong၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဥက္ကဋ္ဌနှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သုတေသနပညာရှင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ရှိ သုတေသနဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းရင်းဆေးပညာနှင့် ဇီဝနည်းပညာ တိုးတက်မှုများခေါင်းစဉ်အောက်မှသက်ဆိုင်ရာကဏ္ဍအလိုက်Power Point Presentation များဖြင့် တင်ပြဆွေးနွေးကြကာ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများ၏တိုင်းရင်းဆေးပညာနှင့် ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် သိပ္ပံနှင့်နည်းပညာတိုးတက်မှုများ၊ လက်ရှိလုပ်ဆောင်နေကြသော သုတေသနများနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်မည့် အခွင့်အလမ်းများကိုဆွေးနွေးကြကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးအား ဖေဖော်ဝါရီလ ၂၃ ရက် နေ့လယ်ပိုင်းတွင် တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ငဖဲမြို့နယ်၊ ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်စဉ် ဖေဖော်ဝါရီလ ၂၃ ရက် နေ့လယ် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ယာဉ်မောင်း ဦးနိုင်လင်းထွန်းမောင်းနှင်ပြီး တရုတ်နိုင်ငံသားတစ်ဦး လိုက်ပါလာသည့် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဆင်ခုံတိုင်ကျေးရွာရှိတရုတ်-မြန်မာသဘာဝဓာတ်ငွေ့ ပိုက်လိုင်းကုမ္ပဏီမှ ကုမ္ပဏီပိုင် Land Cruiser အမျိုးအစား မော်တော်ယာဉ် အမှတ် 5C/----- အား စစ်ဆေးရာ အဆိုပါ တရုတ်နိုင်ငံသားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံ၊ စီချွမ်ပြည်နယ်မှ တရုတ်နိုင်ငံသား Jiang Dawen (ဘ) Jiang Chenggui၊ ၄၉ နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိ တရုတ်နိုင်ငံသား၏ ပြောကြားချက်အရ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့နေ မာတီဆိုသူနှင့်သားရေလုပ်ငန်း အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ကိုဗစ်-၁၉ ကမ္ဘာ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့၌ မိသားစုနှင့်အတူ ပြန်လည်နေထိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စဉ် ဒါကာလေဆိပ်သို့အရောက်တွင် ဒါကာမြို့၌ အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့သူအား ဒေါ်လာ ၆၆၀၀၀ ပေးရန်ကျန်သည့်အမှုဖြင့် တရားစွဲဆိုထားခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေးက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမှုရင်ဆိုင်စဉ် တရုတ်နိုင်ငံမှ ဇနီးဖြစ်သူနှင့် ညီဖြစ်သူတို့က အာမခံဖြင့် အချုပ်မှထုတ်ပေးခဲ့ကြောင်း၊ အမှုရင်ဆိုင်နေစဉ်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုင်ငံရေးမတည်မငြိမ်မှုဖြစ်ပွားသဖြင့် ၂၀၂၅ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Teknaf မြို့ရှိ လှေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့သို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်စဉ် AA အကြမ်းဖက်အဖွဲ့၏ ဖမ်းဆီးခြင်းကိုခံရပြီး ထိုမှတစ်ဆင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် AA အကြမ်းဖက်အဖွဲ့က အမ်းမြို့နယ်၊ ဆင်ခုံတိုင်ကျေးရွာရှိ တရုတ်-မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီမှ မော်တော်ယာဉ်ဖြင့် ဖေဖော်ဝါရီလ ၂၃ ရက်တွင် မန္တလေးမြို့သို့ ထွက်လာစဉ် မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားအား ငဖဲမြို့မရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃ (၁) အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(၁၀၀)

**▼ ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး မှော်ဘီတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်းပွဲမှ တာဝန်ရှိသူများနှင့်သင်တန်းဆင်းဗိုလ်လောင်းများ၏ ဝမ်းသာပီတိစကားသံများ

နိုင်ထွန်း(မြဝတီ)

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်းပွဲအား တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ ဖေဖော်ဝါရီလ ၂၅ ရက် နံနက်ပိုင်းတွင်ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲတွင် ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့်တာဝန်ရှိသူများ၏ စကားသံများကိုဖော်ပြလိုက်ရပါသည်-**


ဗိုလ်မှူးချုပ်မင်းသီဟ


ဗိုလ်မှူးမျိုးကိုကိုထွေး


ဗိုလ်လောင်းရဲထွဋ်အောင်


ဗိုလ်လောင်းကျော်ဝင်းထွန်း


ဗိုလ်လောင်းတင်ထွန်းအောင်


ဗိုလ်လောင်းစစ်နိုင်အောင်


ဗိုလ်လောင်းကျော်သူအောင်

### ဗိုလ်မှူးချုပ်မင်းသီဟ
### (ကျောင်းအုပ်ကြီး)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) ကနေ အရာရှိငယ် ၆၀ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ တပ်မတော်သည် ခေတ်နဲ့အညီ စစ်သည်စွမ်းရည်နဲ့ တိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်ရန် စစ်နည်းပညာနဲ့ စစ်လက်နက်ပစ္စည်းများ ဖွံ့ဖြိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ ဤရည်မှန်းချက် အောင်မြင်ရေးအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးရာမှာ အဓိကကျသဖြင့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)အနေဖြင့် အရာရှိငယ်တွေကို နှစ်စဉ်မွေးထုတ်ပေးခြင်းသည် တပ်မတော်အတွက် ခေါင်းဆောင်ငယ်များ ဖြည့်တင်းပေးရုံသာမက ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နည်းပညာတိုးတက်ရေးနှင့် အရပ်ဘက်အုပ်ချုပ်ရေး ယန္တရားတို့ကိုပါ အထောက်အကူပြုသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ သင်တန်းက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် ကိုယ်တတ်စွမ်းသမျှ ကျရာနေရာက အကောင်းဆုံးတာဝန်ထမ်းဆောင်သွားကြဖို့ မှာကြားလိုပါတယ်။ စစ်စည်းကမ်းကို တစ်သဝေမတိမ်းလိုက်နာပြီး တပ်မတော်နဲ့ပြည်သူလူထုကအားကိုးရတဲ့ အရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားကြပါလို့ မှာကြားလိုပါတယ်။

### ဗိုလ်မှူးမျိုးကိုကိုထွေး
### (ဗိုလ်လောင်းတပ်ခွဲမှူး)

လက်ရုံးရည်ပြည့်ဝစေဖို့အတွက်ဆိုရင် ကိုယ်ခန္ဓာကြံ့ခိုင်သန်မာဖို့၊ သက်လုံကောင်းဖို့၊ အခြေခံနည်းဗျူဟာတွေကို စာတွေ့ / လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ဖို့အတွက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးက ချပေးထားတဲ့သင်ခန်းစာတွေကို တိတိကျကျလေ့ကျင့်ပေးတာရှိပါတယ်။ ခေါင်းဆောင်ကောင်းတွေ ဖြစ်ဖို့အတွက်ကတော့ အခြေခံအကျဆုံးဖြစ်တဲ့ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ချက်ကို လေ့ကျင့်သင်ကြားပေးပါတယ်။ သင်တန်းဆင်းအရာရှိတွေအနေနဲ့ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်တဲ့နေရာမှာ သင်တန်းကလေ့ကျင့်သင်ကြားပေးလိုက်တဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ခေါင်းဆောင်မှု၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်မာမှုနဲ့ စစ်နည်းဗျူဟာတွေကို စာတွေ့လက်တွေ့ ထိထိရောက်ရောက် ပေါင်းစပ်အသုံးချကြပါ။ လေ့ခွက်ချည်းကျန် အလံမလှဲတဲ့စိတ်ဓာတ်နဲ့ တိုက်ပွဲဝင်ကြပါလို့ ဆုံးမစကားပြောရင်းနဲ့ ပင်ပန်းခက်ခဲတဲ့ သင်တန်းကာလ ၃၆ ပတ်ကို ကြံ့ကြံ့ခံဖြတ်ကျော်ပြီး အရာရှိများဖြစ်သွားတဲ့အတွက် တပ်ခွဲမှူးတစ်ယောက်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။

### ဗိုလ်လောင်းရဲထွဋ်အောင်
### (အကောင်းဆုံးဗိုလ်လောင်းဆု)

ကျွန်တော်ကတော့ ဗိုလ်လောင်းသင်တန်းကျောင်း အမှတ်စဉ်(၁၂၉) မှာ အကောင်းဆုံးဗိုလ်လောင်းဆုရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသင်တန်းကာလ တစ်လျှောက်လုံးမှာ သင်ကြားပေးတဲ့ စာပေ၊ လေ့ကျင့်ရေးပိုင်းတွေမှာရော စိတ်ဓာတ်၊ စည်းကမ်းပိုင်းမှာရော သူများတွေထက် ဖွဲ၊ လုံ့လ၊ ဝီရိယရှိရှိနဲ့ သင်ကြားနေထိုင်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးနောက်မှာ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့တွေမှာ စိတ်ဓာတ်၊ စည်းကမ်းကောင်းပြီး စွမ်းရည်သုံးရပ်ပြည့်စုံတဲ့ ပြန်တမ်းဝင်အရာရှိတစ်ယောက်အဖြစ် နိုင်ငံတော်နဲ့တပ်မတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားပါမယ်။

### ဗိုလ်လောင်းကျော်ဝင်းထွန်း
### (စစ်ရေးပြအကောင်းဆုံးဆု)

ကျွန်တော်ရရှိတဲ့ ဆုအမျိုးအစားကတော့ စစ်ရေးပြအကောင်းဆုံးဆုဖြစ်ပါတယ်ခင်ဗျ။ ဒီစစ်ရေးပြအကောင်းဆုံးဆုကိုရရှိဖို့အတွက် ဘယ်လိုလေ့လာသင်ယူခဲ့ရသလဲဆိုတော့ ဒီသင်တန်းမှာရှိတဲ့ နည်းပြတွေသင်ကြားပေးတဲ့ ဓားစစ်ရေးပြ၊ တုတ်စစ်ရေးပြ၊ လက်နက်ဖြင့်စစ်ရေးပြ၊ လက်နက်မဲ့စစ်ရေးပြသင်ခန်းစာများကို နည်းစနစ်တကျ စာတွေ့ပိုင်းရော၊ လက်တွေ့ပိုင်းတွေမှာပါ လေ့ကျင့်ကြိုးစားခဲ့တဲ့အတွက် သင်တန်းတစ်ပတ်စဉ်လုံးမှာ အမှတ်အများဆုံးရရှိခဲ့တဲ့အတွက်ကြောင့် ဒီဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်ခင်ဗျ။ ဒီသင်တန်းဆင်းပြီးနောက်မှာ ကျွန်တော့်အနေနဲ့ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့မှာ ပြန်တမ်းဝင်အရာရှိငယ်တစ်ယောက်အနေနဲ့ ပေးအပ်ရာတာဝန်ကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် တာဝန်ထမ်းဆောင်သွားပါမယ်လို့ ပြောကြားလိုပါတယ်။

### ဗိုလ်လောင်းတင်ထွန်းအောင်
### (ကြံ့ခိုင်ရေးအကောင်းဆုံးဆု)

သင်တန်းမှာ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ ကြံ့ခိုင်ရေးအကောင်းဆုံးဆုပဲဖြစ်ပါတယ်။ ဒီဆုရရှိဖို့ ဘယ်လိုလေ့လာသင်ယူခဲ့သလဲဆိုရင် သင်တန်းစဖွင့်တဲ့အချိန်ကစပြီး သင်တန်းပြီးဆုံးတဲ့အထိ ကိုးလတာကာလအတွင်းမှာ လစဉ်ကြံ့ခိုင်ရေးဆန်းစစ်မှုတွေရှိပါတယ်။ ကြံ့ခိုင်ရေးမှာ ဘာတွေဆန်းစစ်သလဲဆိုရင် (၃)မိုင်၊ (၅)မိုင် ပြေးခြင်းတွေ၊ အထက်ဖမ်းဆွဲ၊ အောက်ဖမ်းဆွဲ၊ ထိုင်ထ၊ ဗိုက်သားလေ့ကျင့်ခန်း၊ မီတာ(၁၀၀) အပြေးလေ့ကျင့်ခန်းစတာတွေပါရှိပါတယ်။ ဒီကြံ့ခိုင်ရေးဆန်းစစ် လေ့ကျင့်ခန်းက အမှတ်တွေအားလုံးပေါင်းပြီး သင်တန်းပြီးဆုံးသည့်အခါ အမှတ်အများဆုံးရရှိတဲ့သူကို ကြံ့ခိုင်ရေးထူးချွန်ဆုပေးတာဖြစ်ပါတယ်။ ကျွန်တော်က ဗိုလ်လောင်းအားလုံးထဲမှာ ကြံ့ခိုင်ရေးအမှတ် အများဆုံးဖြစ်တဲ့အတွက် ဒီဆုကိုရရှိခြင်းဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်တဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားပြီး တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် အစွမ်းကုန်ကြိုးစား၍ တာဝန်ထမ်းဆောင်သွားပါ့မယ်။

### ဗိုလ်လောင်းစစ်နိုင်အောင်
### (သေနတ်ပစ်အကောင်းဆုံးဆု)

ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ သေနတ်ပစ်အကောင်းဆုံးဆုဖြစ်ပါတယ်၊ ကျွန်တော်သင်တန်းအစ၊ အလယ်၊ အဆုံး လစဉ် သေနတ်ပစ်ခတ်စဉ်တွေမှာ ကျည်စုနှင့် အမှတ်လိုက်ကို အကောင်းဆုံးကြိုးစားပြီး နည်းပြတွေသင်ကြားလေ့ကျင့်ပေးတဲ့အတိုင်း လိုက်နာပြီးတော့ ကြိုးစားသင်ယူပစ်ခတ်ခဲ့တာပဲဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ တပ်မတော်ကပေးအပ်တဲ့ တာဝန်တွေကို တာဝန်ကျရာအခန်းကဏ္ဍကနေ ကျေပွန်စွာ ထမ်းဆောင်သွားပြီးတော့ ပြည်သူလူထုအပေါ်မှာလည်း တပ်မတော်ကနေ သင်ကြားပေးတဲ့အတိုင်း အကျိုးပြုစောင့်ရှောက်သွားမယ်လို့ ပြောကြားလိုပါတယ်ခင်ဗျာ။

### ဗိုလ်လောင်းကျော်သူအောင်

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) မတက်ရောက်ခင်မှာ တပ်ကြပ်ဘဝနဲ့ တာဝန် ထမ်းဆောင်ရင်း စစ်ဆင်ရေးတစ်ခုမှာ ပွိုင့် (၃၄၅) ဗန်းမော် တာဝါတိုင်တောင်ကုန်းမှာ ရန်သူများတပ်စွဲထားတာကို ချေမှုန်းရာမှာ ကျွန်တော့်အသက်ကို ပဓာနမထားဘဲ နိုင်ငံတော်နဲ့တပ်မတော်အတွက် ရဲရဲစွာတိုက်ပွဲဝင်ခဲ့လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်လက်မှတ်ရရှိခဲ့ပါတယ်။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) ဝင်ခွင့်ကိုဖြေဆိုပြီး ဝင်ခွင့်အောင်မြင်ကာ ဒီသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်ထမ်းဆောင်သွားပါမယ်။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၂-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၀၈:၂၀ မျိုးချစ်တပ်မတော်
၅။ ၁၀:၁၅ နိုင်ငံတကာသတင်း
၆။ ၁၁:၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၇။ ၁၂:၅၀ သီချင်းလက်ဆောင်
၈။ ၁၃:၂၀ အမှတ်တရနေ့ရက်များ
၉။ ၁၄:၄၀ Music Gallery
၁၀။ ၁၅:၄၀ ဇာတ်လမ်းတို
၁၁။ ၁၆:၅၅ မြန်မာ့သံစဉ်ချိုနားဝင်
၁၂။ ၁၉:၀၀ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁) သရုပ်ဆောင်-ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာအား မူးယစ်ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိ
























ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးများတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့အနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၏ အနောက်မြောက်ဘက် ၃၀ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးများ ထုတ်လုပ်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ သွားရောက်ဆောင်ရွက်ရာ ဖေဖော်ဝါရီလ ၂၄ ရက်မွန်းလွဲ ၂ နာရီခန့်တွင် မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့၏ အရှေ့တောင်ဘက် ၁၉ ကီလိုမီတာ (ဝမ်လုံးကျေးရွာ၏ တောင်ဘက် ၈ ကီလိုမီတာခန့်) အကွာနေရာ၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖြစ်သော Promethazine တံဆိပ်ပါ ချောင်းဆိုးပျောက်ဆေးရည် ၁၀၀ ဘူး (၅၀ ဘူးစီပါ ၂ ဖာ)၊ Food Colour တံဆိပ်ပါ အပြာရောင်ဆေးဘူးအကြီး ၁၈ ဘူးနှင့် ဘူးအသေး ၄၁ ဘူး၊ စိစစ်ဆဲဆေးရည်ပုလင်းအသေး ၅၀၀ လုံး၊ မျောက်ခေါင်းတံဆိပ်ပါအနံ့ဆေးရည် ၁၅ ဖာ (တစ်ဖာလျှင် ဘူး ၂၀ ခန့်)၊ စိစစ်ဆဲအဖြူရောင်အမှုန့် ဆာလာအိတ်တစ်ဝက်ခန့်စီပါ ၆ အိတ်၊ ဘိန်းမည်း ၃ ထုပ်၊ ဘိန်းဖြူဘလောက်တုံး ၁ တုံး၊ စိစစ်ဆဲအနက်ရောင် အထုပ် ၁ ထုပ်၊ အဖြူရောင်ပုံဆောင်ခဲ ၁ ကီလိုဂရမ်စီပါ ၉ ထုပ်၊ တိပ်ဝါများပိတ်ထားသည့် WY ဆေးပြား ၆၀၀၀ ပြားခန့်ပါ ၁၂ စည်း၊ ၉၉၉ တံဆိပ်ပါ တိပ်ဝါပတ်လျက် WY ဆေးပြား ၁၀၀၀၀ ပြားခန့်ပါ ၁၀ စည်း၊ ထုပ်ပိုးရခြင်းမရှိသေးသည့် WY ဆေးပြား ဆာလာအိတ်တစ်ဝက်ခန့်စီပါ ၁၂ အိတ်၊ ဆာလာအိတ်တစ်ဝက်ခန့်စီထည့်ထားသော WY ဆေးပြားထုတ်လုပ်ရာတွင်အသုံးပြုသည်ဟုယူဆရသည့်ဆေးမှုန့် ၁၂ အိတ်၊ ရိုက်တံမို ၂ ဖာနှင့် ဆက်စပ်ပစ္စည်းများထည့်သွင်းထားသည့် အပြာရောင်ဘူးကြီး ၁၄ ဘူး၊ ကီလိုချိန်စက် ၃ လုံး၊ မီးစက်အကြီး ၁ လုံး၊ မွှေစက်အသေး ၃ လုံးနှင့် အခြောက်ခံဗန်းဆိုက်စုံ ၃၂ ခု တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိမူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့်အသေးစိတ်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့် ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့်နေရာများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ ကျောင်းသားလူငယ်အရွယ်များမှစတင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့်လက်တွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယခုသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO
Lemon Tea
PYIN OO LWIN
NAN MYAIN
KHA YAE PIN MART
SUGARMEC
MOUNT PLEASANT
TRISTAR

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၈-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၇-၂-၂၀၂၆ ရက်နေ့မှ ၂၁-၄-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

❖ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်း ၃ ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပသည့်မြို့နယ်များအားလုံးတွင် ရာနှုန်းပြည့်ကျင်းပနိုင်ခဲ့ . . .

❖ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် တပ်မတော်အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေးဆောင်ရွက်ခြင်းပင်ဖြစ် . . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်(ကိုယ်စား) နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် စာမျက်နှာ ၁၆ ကော်လံ ၁ ➢



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း သင်တန်းဆင်းဗိုလ်လောင်းတပ်ခွဲအား လိုက်လံစစ်ဆေးစဉ်။



စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှော်ဘီတပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ▼

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ**

စာ - ၂၇ သို့

